မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁၂ ]   ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် ( ၂၀၁၅ ခုနှစ်၊ မတ်လ ၂၀ ရက် ) } သောကြာနေ့   [ အတွဲ ၆၈

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ် (၁/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် )

**အရေးပေါ်အခြေအနေကြေညာခြင်း**

၁။ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့မှ စတင်၍ ကိုးကန့်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားလာသဖြင့် ပြည်သူများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ တားမြစ်မိန့်ထုတ်ပြန်၍ ထိန်းသိမ်းဆောင်ရွက်ခဲ့ပါသည်။

၂။ သို့သော်လည်း အကြမ်းဖက်တိုက်ခိုက်မှုများမှာ ပိုမိုများပြားကျယ်ပြန့်လာပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ဆောင်ရွက်ရုံဖြင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်စွမ်းမရှိတော့ကြောင်း တွေ့ရှိရပါသည်။ ဤကဲ့သို့ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးအန္တရာယ်ပြုသည့် အရေးပေါ်အခြေအနေပေါ်ပေါက်နေကြောင်း တွေ့ရှိရသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၂ ပုဒ်မခွဲ (က) အရ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ယနေ့မှစ၍ အရေးပေါ်အခြေအနေ ကြေညာလိုက်သည်။

၃။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း (၉၀) အထိ အတည်ဖြစ်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ် (၂/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် )

**စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ခြင်း**

၁။ ဥပဒေကဲ့သို့အာဏာတည်သောအမိန့် (၁/၂၀၁၅) ဖြင့် အရေးပေါ်အခြေအနေကြေညာထားသည့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေခြင်းငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ (ခ) အရ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်လိုက်သည်။

၂။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အုပ်ချုပ်ရေးဆိုင်ရာလုပ်ပိုင်ခွင့်များနှင့် တာဝန်များကိုလည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့်သက်ဆိုင်သည့် တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်းကောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းလိုက်သည်။

၃။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်းပြုနိုင်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက် )

**ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းနှင့် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်း ပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်း

ပြည်ပရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း၊ အမှတ်-၄၁/က နေ အေဝမ်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးရန်ဝင်း [၁၂/စခန (နိုင်) ၀၂၈၈၇၃] အား ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ မြောက်မြန်အောင်ကြိုးဝိုင်း၊ အကွက်အမှတ် ၁၀ အတွင်း ကျွန်းစိုက်ခင်း ၅၀၀ ဧကကို အောက်ဖော်ပြပါ စာတိုင် (၄) ရှိ ဧရိယာ (ဧက) များတွင် လုပ်ငန်းစတင် ဆောင်ရွက်ရမည့်နှစ်မှ နှစ် ၃၀ အထိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့်မြေအကြောင်းအရာ**

| **အမှတ်စဉ်** | **ကြိုးဝိုင်း** | **အကွက်အမှတ်** | **ဧရိယာ (ဧက)** | **လုပ်ငန်းစတင်ရမည့် ခုနှစ်** |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | မြောက်မြန်အောင်ကြိုးဝိုင်း | ၁၀ | ၅၀၀ | ၂၀၁၃-၂၀၁၄ |

၃။ အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် )

**မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရထုတ်ပြန် ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅ ။)

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်

(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မျိုးစေ့ဥပဒေပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (င) ၏ နောက်၌ ပုဒ်မခွဲ (င-၁) နှင့် (င-၂) တို့အဖြစ်အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(င-၁) **မိဘမျိုးလိုင်း**ဆိုသည်မှာ အပင်မျိုးမွေးမြူထုတ်လုပ်ရန် မိဘအဖြစ် အသုံးပြုသော မျိုးလိုင်းကို ဆိုသည်။

(င-၂) **နှစ်ရှည်သီးနှံ**ဆိုသည်မှာ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားပြီး အပင်အမျိုးအစားအလိုက် နှစ်ကာလတစ်ခုအထိ အကျိုးအမြတ်ရရှိနိုင်မည့် သီးနှံကိုဆိုသည်။"

(ခ) ပုဒ်မခွဲ (ဈ) ၌ ပါရှိသော "စီးပွားရေးအလို့ငှာ ဖြန့်ဖြူးခြင်း" ဆိုသည့်စကားရပ်ကို "ပြည်ပသို့ တင်ပို့၍ဖြစ်စေ စီးပွားရေးအလို့ငှာ ဖြန့်ဖြူးခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ည) ၌ ပါရှိသော "သတ်မှတ်သော အလေးချိန်" ဆိုသည့်စကားရပ်ကို "သီးနှံအမျိုးအစားအလိုက် သတ်မှတ်ထားသောအလေးချိန်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မျိုးစေ့ဥပဒေတွင် ပါရှိသော "အမျိုးသားမျိုးစေ့ကော်မတီ" ဆိုသည့် စကားရပ်ကို "မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မျိုးစေ့ဥပဒေတွင် ပါရှိသော "မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း" ဆိုသည့် စကားရပ်ကို "စိုက်ပျိုးရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ဦးဆောင်ညွှန်ကြားရေးမှူး" ဆိုသည့် စကားရပ်ကို "ညွှန်ကြားရေးမှူးချုပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၅။ မျိုးစေ့ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ဆ) ၏ နောက်၌ ပုဒ်မခွဲ (ဇ) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်၍ မူလဥပဒေပါ ပုဒ်မခွဲ (ဇ) ကို ပုဒ်မခွဲ (ဈ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည် -

"(ဇ) မှတ်ပုံတင်လက်မှတ်ခ၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခ၊ လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေးငွေတို့ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊"

၆။ မျိုးစေ့ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်" ဆိုသည့် စကားရပ်ကို "စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မျိုးစေ့ဌာနခွဲ)" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မျိုးစေ့ဥပဒေပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈။ (က) အသိအမှတ်ပြုလက်မှတ်ရရှိရန် အပင်မျိုးသစ်ကို စမ်းသပ်စိုက်ပျိုးရန် ပြည်တွင်းသို့ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် အပင်မျိုးသစ် တင်သွင်းခွင့်အတွက် ထောက်ခံချက်ရရှိရန် မျိုးစေ့နမူနာနှင့်တကွ အချက်အလက်အပြည့်အစုံကို သတ်မှတ်ချက်များနှင့်အညီ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီသို့ လျှောက်ထားရမည်။

(ခ) မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီအား သတ်မှတ်ချက်များနှင့်အညီ စိစစ်စေပြီး အပင်မျိုးသစ်ကို ပြည်တွင်းသို့တင်သွင်းခွင့်ရရှိရေးအတွက် ထောက်ခံချက်ထုတ်ပေးနိုင်သည်။"

၈။ မျိုးစေ့ဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၉။ (က) အပင်မျိုးသစ်ကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်း ပြုလုပ်လိုသူသည် မိမိထုတ်လုပ်လိုသည့် သို့မဟုတ် ပြည်တွင်းသို့တင်သွင်းလိုသည့် အပင်မျိုးသစ်အတွက် အသိအမှတ်ပြုလက်မှတ်ရရှိရန် အပင်မျိုးသစ်၏ မျိုးစေ့နမူနာနှင့်တကွ အချက်အလက် အပြည့်အစုံကို သတ်မှတ်ချက်များနှင့်အညီ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီသို့ တင်ပြ၍ လျှောက်ထားရမည်။

(ခ) မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စမ်းသပ်စိုက်ပျိုးပြီး စိစစ်တင်ပြရန် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီသို့ တာဝန်ပေးအပ်ရမည်။ ယင်းသို့တာဝန်ပေးအပ်ရာတွင် စပ်မျိုးမိဘမျိုးလိုင်းနှင့် နှစ်ရှည်သီးနှံမျိုးသစ်များကို စမ်းသပ်စိုက်ပျိုးခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။"

၉။ မျိုးစေ့ဥပဒေ ပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီသည် -

(က) အပင်မျိုးသစ်ကို အပင်မျိုးနှင့် သင့်လျော်ပြီး ရာသီဥတုကွဲပြားခြားနားသည့် ဒေသသုံးခု၌ အနည်းဆုံးတစ်ရာသီစမ်းသပ်စိုက်ပျိုး၍ အောက်ပါအချက်များပေါ်တွင် အခြေခံပြီး အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သင့်မသင့်စိစစ်ရမည် -

(၁) ပြည်တွင်း၌ စိုက်ပျိုးပါက ကောင်းမွန်စွာ ဖြစ်ထွန်းနိုင်ခြင်း ရှိ မရှိ၊

(၂) စမ်းသပ်စိုက်ပျိုးသော အပင်မျိုးသစ်သည် လက်ရှိအပင်မျိုးထက် သာလွန်ကောင်းမွန်သော အချက်များ ရှိ မရှိနှင့် ထူးခြားသည့် အရည်အသွေး ရှိ မရှိ၊

(၃) အပင်မျိုးသစ်သည် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်နိုင်ခြင်း ရှိ မရှိ။

(ခ) ပုဒ်မခွဲ (က) အရ စိစစ်တွေ့ရှိသည့် အပင်မျိုးသစ်ကိုလည်းကောင်း၊ မိဘမျိုးလိုင်းနှင့်နှစ်ရှည်သီးနှံများအတွက် အပင်မျိုးနှင့် သက်ဆိုင်သည့် အရည်အသွေးလက္ခဏာများ၊ သတင်းအချက်အလက်များကိုပြည့်စုံစွာပြုစုထားသည့်မှတ်တမ်းများကိုလည်းကောင်းစိစစ်၍ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် သင့် မသင့် သဘောထားမှတ်ချက်နှင့်အတူ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီသို့ တင်ပြရမည်။"

၁၀။ မျိုးစေ့ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) တွင်ပါရှိသော "ထောက်ခံ" ဆိုသည့်စကားရပ်ကို "သဘောထားမှတ်ချက်နှင့်အတူ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး "ထုတ်လုပ်ရန် သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းရန် လျှောက်ထားသော" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၁။ မျိုးစေ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) တွင်ပါရှိသော "မျိုးစေ့အမျိုးအစား" ဆိုသည့် စကားရပ်ကို "သီးနှံအမျိုးအစား" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ မျိုးစေ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၈) ၏နောက်တွင် ပုဒ်မခွဲငယ် (၈-က) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ရမည် -

"(၈-က) မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၏ အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်ရရှိထားသော မျိုးစေ့အရည်အသွေး စစ်ဆေးခန်း၏ ထောက်ခံချက်၊"

၁၃။ မျိုးစေ့ဥပဒေပုဒ်မ ၂၈ တွင်ပါရှိသော "ကျပ်နှစ်သိန်း" ဆိုသည့်စကားရပ်ကို "ကျပ်တစ်ဆယ်သိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ မျိုးစေ့ဥပဒေပုဒ်မ ၂၉ တွင်ပါရှိသော "ကျပ်တစ်သိန်း" ဆိုသည့်စကားရပ်ကို "ကျပ်တစ်ဆယ်သိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ မျိုးစေ့ဥပဒေ ပုဒ်မ ၃၁ တွင် -

(က) ပုဒ်မခွဲ (က) ၌ ပါရှိသော "ဖြန့်ဖြူးရောင်းချခြင်း" ဆိုသည့် စကားရပ်ကို "စီးပွားရေးအလို့ငှာ မဟုတ်သော ဖြန့်ဖြူးရောင်းချခြင်း" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ၌ ပါရှိသော "မျိုးပွားခြင်းမဟုတ်ဘဲ" ဆိုသည့်စကားရပ်ကို "မျိုးပွားခြင်းမဟုတ်ဘဲ သီးနှံစေ့" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ မျိုးစေ့ဥပဒေပုဒ်မ ၃၂ တွင် ပါရှိသော "မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးသော တောင်သူလယ်သမားနှင့် မျိုးစေ့သုတေသနပြုလုပ်သူ" ဆိုသည့် စကားရပ်ကို "စီးပွားရေးအလို့ငှာမဟုတ်သည့် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးသော တောင်သူလယ်သမားနှင့် မျိုးစေ့သုတေသနပြုလုပ်သူ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ မျိုးစေ့ဥပဒေ ပုဒ်မ ၃၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၃။ စိုက်ပျိုးရေးဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်နှင့် အခြားထိခိုက်ပျက်စီးမှုများကြောင့် သီးနှံပြန်လည်စိုက်ပျိုးရန် အပင်မျိုးလိုအပ်ချက်ဖြစ်ပေါ်လာပါက အပင်မျိုးအဖြစ် အသုံးပြုသင့်သည့် သီးနှံစေ့များကို စိုက်ပျိုးခွင့်ပြုနိုင်သည်။"

၁၈။ မျိုးစေ့ဥပဒေပုဒ်မ ၃၄ တွင် ပါရှိသော "အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု" ဆိုသည့် စကားရပ်ကို "အစိုးရဌာနများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ မျိုးစေ့ဥပဒေပုဒ်မ ၃၇ တွင် ပါရှိသော "ပြည်တွင်းသို့တင်သွင်းလိုသူ" ဆိုသည့် စကားရပ်၏နောက်တွင် "သို့မဟုတ် ပြည်ပသို့ တင်ပို့လိုသူ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၂၀။ မျိုးစေ့ဥပဒေပုဒ်မ ၃၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၉။ (က) မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ၏ ရုံးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ရမည်။

(ခ) ပုဒ်မ ၇ အရ ဖွဲ့စည်းထားသော ကော်မတီခွဲများ၏ ရုံးလုပ်ငန်းများကို ဝန်ကြီးဌာန လက်အောက်ရှိ သက်ဆိုင်ရာဌာနက ဆောင်ရွက်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် )

**၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်**
**ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၆။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို**
**ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆ ။)**

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်

(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။　ဤဥပဒေကို ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။　၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (၂) ကို ပယ်ဖျက်ရမည်။

၃။　၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၂) တွင် ပါရှိသော "၁၅ ရက်ထက်မပိုစေသော" ဆိုသည့် စကားရပ်ကို "စုစုပေါင်း ၁၅ ရက်ထက်မပိုစေသော" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။　၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "ရာဇဝတ်တရားသူကြီးသည် မိမိက သတ်မှတ်သင့်လျော်သည်ဟု ထင်မြင်သည့် သုံးနှစ်ထက် မပိုသော ကာလအတွင်း ထိုသူ ကောင်းမွန်စွာကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်သူနှင့် ခံဝန်ချုပ်ကိုချုပ်စေ" ဆိုသည့် စကားရပ်ကို "ရာဇဝတ်တရားသူကြီးသည် မိမိက သတ်မှတ်သင့်လျော်သည်ဟု ထင်မြင်သည့် တစ်နှစ်ထက်မပိုသော ကာလအတွင်း ထိုသူ ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်သူနှင့် ခံဝန်ချုပ်ကိုချုပ်စေ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများခြေချုပ်နှင့်ခံဝန်အက်ဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (၂) တွင် ပါရှိသော "နှစ်နှစ်" ဆိုသည့်စကားရပ်ကို "တစ်နှစ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများခြေချုပ်နှင့်ခံဝန်အက်ဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (၃) ၏ ခြွင်းချက်တွင် ပါရှိသော "သုံးနှစ်" ဆိုသည့်စကားရပ်ကို "တစ်နှစ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် )

**လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေ

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ ။)**

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ လယ်ယာထွက်ကုန်စျေးကွက်များ အက်ဥပဒေ (၁၉၄၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၇) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် )

**တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး**
**ကာကွယ်စောင့်ရှောက်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ
## (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈ ။)

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းရင်းသားလူမျိုးများ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ပင်ရင်းနိုင်ငံအဖြစ် သတ်မှတ်၍ စဉ်ဆက်မပြတ်နေထိုင်ခဲ့ကြသော လူမျိုးများကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများ မပါဝင်။

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအစိုးရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ပြည်ထောင်စုဝန်ကြီး**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်သော တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဃ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် တိုင်းရင်းသားလူမျိုးရေးရာကိစ္စရပ်များကို ဆောင်ရွက်ရန် ဖွဲ့စည်းတာဝန်ပေးအပ်သော ဝန်ကြီးဌာနကိုဆိုသည်။

(င) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဝန်ကြီးကို ဆိုသည်။

(စ) **တိုင်းရင်းသားရေးရာ**ဆိုသည်မှာ တိုင်းရင်းသားတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့်ဘာသာ၊ သမိုင်းအမွေအနှစ်၊ ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများရရှိရေးတို့ အပါအဝင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးစသည့် ကိစ္စရပ်များကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းရင်းသားလူမျိုးအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများ ရရှိစေရန်၊

(ခ) တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ ထာဝစဉ်အတူတကွ လက်တွဲနေထိုင်ကြစေရန်၊

(ဂ) တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဃ) တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်၊

(င) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ ပါဝင်သော လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အပြည့်အဝရရှိစေရန်။

## အခန်း (၃)

## တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ

၄။ တိုင်းရင်းသားလူမျိုးများသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင် -

(က) မိမိတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့် ဘာသာသာသနာတို့ကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) မိမိတို့၏ စကား၊ စာပေတို့ကို နိုင်ငံတော်၏ ပညာရေးမူဝါဒကို ထိခိုက်မှုမရှိစေဘဲ သင်ကြားခွင့်နှင့် သင်ယူခွင့်ရှိသည်။

(ဂ) မိမိတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအရ ဆောင်ရွက်သော အခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာ ကျင်းပခွင့်ရှိသည်။

(ဃ) မိမိတို့၏ စာပေနှင့်အနုပညာတို့ကို ခေတ်မီတိုးတက်စေရန် တီထွင်ကြံဆ ဖော်ထုတ်ခွင့်နှင့် ယဉ်ကျေးမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွတ်လပ်စွာ သုတေသနပြု ဖော်ထုတ်ခွင့်ရှိသည်။

(င) ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်၊ အလုပ်အကိုင်ရပိုင်ခွင့်နှင့် စီးပွားရေးလုပ်ငန်းများတွင် တန်းတူညီမျှသော အခွင့်အရေးများ ရပိုင်ခွင့်ရှိသည်။

(စ) မိမိတို့၏ ရိုးရာတိုင်းရင်းဆေးပညာများ တိမ်ကောပပျောက်မှုမရှိစေရေးအတွက် ထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။

(ဆ) မိမိတို့၏ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခွင့်ရှိသည်။

(ဇ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်သော လူဦးရေရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဥပဒေပြုရေးတွင် မိမိတို့ ကိုယ်စားလှယ်များ ပါဝင်နိုင်ရန် ဆောင်ရွက်ခွင့်ရှိသည်။

(ဈ) ပုဒ်မခွဲ (ဇ) အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဥပဒေပြုရေးတွင် ကိုယ်စားလှယ်ပါဝင်ခွင့်ရရှိသည့် တိုင်းရင်းသား လူမျိုးဖြစ်လျှင် ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအုပ်ချုပ်ရေးတွင် အဓိကအားဖြင့် ထိုတိုင်းရင်းသားလူမျိုးများရေးရာကို ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ပါဝင်ခွင့်ပြုရမည်။

(ည) မိမိတို့တိုင်းရင်းသားများ၏ သမိုင်းဖြစ်စဉ်များကို ထုတ်ဖော်ခွင့်နှင့် အမွေအနှစ်များကို ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်ခွင့်ရှိရမည်။

## အခန်း (၄)

## ဝန်ကြီးဌာနဖွဲ့စည်းခြင်းနှင့် ပြည်ထောင်စုဝန်ကြီးခန့်အပ်ခြင်း

၅။ တိုင်းရင်းသားလူမျိုးများ၏ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းကြီးများ၊ စီးပွားရေးလုပ်ငန်းများ၊ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက စီမံကိန်းအကြောင်းအရာများကို သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများအား ပြည့်စုံတိကျစွာ ကြိုတင်ချပြအသိပေး၍ ညှိနှိုင်းဆောင်ရွက်ရမည်။

၆။ နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးများရေးရာ ကိစ္စရပ်များကို အလေးထားဆောင်ရွက်နိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၇။ နိုင်ငံတော် သမ္မတသည် -

(က) ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများရေးရာ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (က) ပါ အရည်အချင်းသတ်မှတ်ချက်နှင့်ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်ကိုရွေးချယ်၍ ယင်း၏အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်။

(ခ) ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် မရရှိပါက ယင်းပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။

(ဂ) ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် ပုဂ္ဂိုလ်အား ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၈။ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်။ ပြည်ထောင်စုဝန်ကြီး၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။

## အခန်း (၅)
## ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၉။ ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝ ရရှိခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ခြင်း၊

(ဂ) တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း၊ သမိုင်းနှင့် ရှေးဟောင်းအမွေအနှစ်တို့ကို စူးစမ်းရှာဖွေဖော်ထုတ်ရေးနှင့်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက်ဆောင်ရွက်ခြင်း၊

(ဃ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ဆောင်ရွက်ခြင်း၊

(င) ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော တိုင်းရင်းသားလူမျိုးများ၏ လူမှုဘဝမြင့်မားရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးစသည့် လုပ်ငန်းရပ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(စ) တိုင်းရင်းသား လူမျိုးတစ်မျိုးနှင့် တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ခြင်း၊

(ဆ) တိုင်းရင်းသားများ၏ အခွင့်အရေးကို ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ်ပေးခြင်း၊

(ဇ) တိုင်းရင်းသားအချင်းချင်း သို့မဟုတ် တိုင်းရင်းသားလူမျိုးများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ဖြေရှင်းခြင်း၊

(ဈ) တိုင်းရင်းသားလူမျိုးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်စေမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) လူနည်းစုဖြစ်သော၊ ကွယ်ပျောက်လုနီးပါးဖြစ်နေသော တိုင်းရင်းသားမျိုးနွယ်စုများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတို့ကို ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(ဋ) ဤဥပဒေပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဌ) ပြည်ထောင်စုအစိုးရအဖွဲ့ဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ပေးအပ်သော တိုင်းရင်းသားလူမျိုးရေးရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၀။ ဝန်ကြီးဌာနသည် လိုအပ်သည့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၁၁။ ဝန်ကြီးဌာနသည် တိုင်းရင်းသားရေးရာကိစ္စရပ်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ပါက ကော်မတီနှင့် လုပ်ငန်းအဖွဲ့များကို သက်ဆိုင်ရာ အခြားပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ဖွဲ့စည်းနိုင်ပြီး ယင်းတို့ကို ဖွဲ့စည်းပါက လုပ်ငန်းတာဝန်များကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် ယင်း၏လက်အောက်တွင်လိုအပ်သည့် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာဝန်ထမ်းအဖွဲ့အစည်းအသီးသီးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် သက်ဆိုင်ရာ တိုင်းရင်းသားရေးရာကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်းခြေ ငွေစာရင်းတွင် နှစ်စဉ်ထည့်သွင်းရေးဆွဲရမည်။

## အခန်း (၆)
## တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်း

၁၄။ တိုင်းရင်းသားလူမျိုးများသည် မိမိတို့တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးပါက ကာကွယ်စောင့်ရှောက်မှုရရှိနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြနိုင်သည်။

၁၅။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၄ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုပေးရန် -

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား တာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်နိုင်ခြင်းမရှိပါက သင့်လျော်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးဦးအား တာဝန်ပေးအပ်ရမည်။

၁၆။ ပုဒ်မ ၁၅ အရ တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးသည် -

(က) မိမိအား တာဝန်ပေးအပ်သော ကိစ္စရပ်နှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှုပေါ်ပေါက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ စိစစ်သည့်အခါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှုပေါ်ပေါက်ကြောင်း တွေ့ရှိပါက ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် သက်ဆိုင်ရာ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း၍လည်းကောင်း ဆောင်ရွက်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်ရှိ အခြားဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန်လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနသို့လည်းကောင်း တင်ပြရမည်။

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ) အရ တင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၈။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ)အရ တင်ပြချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၉။ ပုဒ်မ ၁၅ အရ တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးသည် မိမိဆောင်ရွက်ရသောကိစ္စတွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်ခြင်းမရှိပါက အကျိုးအကြောင်း ပြည့်စုံစွာဖော်ပြ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၉ အရ တင်ပြသောကိစ္စမှာ ပြည်ထောင်စုအဆင့်တွင် ဆောင်ရွက်ပေးရမည့် ကိစ္စဖြစ်ကြောင်း သုံးသပ်တွေ့ရှိပါက လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၂၁။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မ ၂၀ အရ တင်ပြချက်နှင့်စပ်လျဉ်း၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးအား တာဝန်ပေးအပ်ရမည်။

(ခ) ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးသည့် ကိစ္စတွင် ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရလည်းကောင်း၊ ပြည်ထောင်စုအဆင့်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ လည်းကောင်း ဆောင်ရွက်ရမည်။

## အခန်း (၇)

## တားမြစ်ချက်များ

၂၂။ မည်သူမျှ ဤဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ပိတ်ပင်တားဆီးခြင်း မပြုရ။

၂၃။ မည်သူမျှ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို နိုင်ငံရေးကိစ္စအလို့ငှာ အလွဲသုံးစားမပြုလုပ်ရ။

၂၄။ မည်သူမျှ တိုင်းရင်းသားလူမျိုးများ အချင်းချင်းမုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုး ကို ဖြစ်ပေါ်စေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန်အကြောင်းရှိသော အပြုအမူများကို မပြုလုပ်ရ။

## အခန်း (၈)
## ပြစ်ဒဏ်များ

၂၅။ မည်သူမဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၉)
## အထွေထွေ

၂၈။ ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ နိုင်ငံတော် သို့မဟုတ် အများပြည်သူတို့နှင့် သက်ဆိုင်သည့် အရေးကြီးသော တိုင်းရင်းသားလူမျိုးများဆိုင်ရာ အခြေအနေကို အခါအားလျော်စွာ တင်ပြရမည်။

၂၉။ ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မ ၉ ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအား တာဝန်ခွဲဝေ အပ်နှင်းခြင်း ပြုနိုင်သည်။

၃၀။ ဝန်ကြီးဌာနသည် ဤဥပဒေအရ ဖွဲ့စည်းသော ကော်မတီနှင့် လုပ်ငန်းအဖွဲ့များ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၃၁။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ တိုင်းရင်းသားရေးရာကိစ္စ တစ်ရပ်ရပ်ကို ဆောင်ရွက်ရန် မိမိတို့အစိုးရအဖွဲ့၏ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား တာဝန်ပေးအပ်ဆောင်ရွက်စေရမည်။ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးအပ်သည့် ဝန်ကြီးအား ဆောင်ရွက်စေရမည်။

၃၃။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူ ရမည်။

၃၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်
( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် )

## ယှဉ်ပြိုင်မှုဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ယှဉ်ပြိုင်မှုဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ယှဉ်ပြိုင်မှု ဥပဒေ

## (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉ ။)

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်
(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ယှဉ်ပြိုင်မှုဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ကော်မရှင်**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံယှဉ်ပြိုင်မှု ကော်မရှင်ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သော ဝန်ကြီးဌာနကို ဆိုသည်။

(င) **ယှဉ်ပြိုင်မှု**ဆိုသည်မှာ ဈေးကွက်အတွင်းရှိ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအကြား မိမိတို့၏ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူအသုံးပြုမည့် ဝယ်ယူသူအရေအတွက်၊ ဈေးကွက်ဝေစုနှင့် ဈေးကွက်လွှမ်းမိုးနိုင်မှုတို့ကို ပိုမိုရရှိစေရန် စီးပွားရေးလုပ်ငန်းများကို အပြိုင်အဆိုင်ပြုလုပ်သည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်ဆောင်ရွက်မှုကို ဆိုသည်။

(စ) **ယှဉ်ပြိုင်မှုမူဝါဒ**ဆိုသည်မှာ ဈေးကွက်အတွင်း မျှတသော ယှဉ်ပြိုင်မှုတစ်ရပ်ဖြစ်ထွန်းပေါ်ပေါက်စေရေးနှင့် စားသုံးသူများ၏ အကျိုးကို လက်ဝါးကြီးအုပ် ဆောင်ရွက်မှုမှ တားဆီးကာကွယ်နိုင်ရေးတို့အတွက် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများအပေါ် တိုက်ရိုက်အကျိုးသက်ရောက်စေရန် နိုင်ငံတော်က ချမှတ်လုပ်ဆောင်သော မူဝါဒများကို ဆိုသည်။

(ဆ) **ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သော ဆောင်ရွက်ချက်**ဆိုသည်မှာ ဈေးကွက်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုကို လျှော့နည်းစေရန် သို့မဟုတ် အတားအဆီးဖြစ်စေရန် လုပ်ဆောင်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ယှဉ်ပြိုင်မှုကို ထိန်းချုပ်သည့် သဘောတူညီချက်များ၊ ဈေးကွက်အတွင်းရှိ လွှမ်းမိုးထားသည့် အခြေအနေအပေါ် အခွင့်အရေးယူ၍ အလွဲသုံးစားပြုခြင်းနှင့် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

(ဇ) **တရားမျှတမှုမရှိသောယှဉ်ပြိုင်မှု**ဆိုသည်မှာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အကျိုးစီးပွားကိုဖြစ်စေ၊ အခြားစီးပွားရေးလုပ်ငန်း သို့မဟုတ် စားသုံးသူတို့၏ တရားဝင်ရထိုက်သော အခွင့်အရေးများနှင့် အကျိုးစီးပွားများကိုဖြစ်စေ ထိခိုက်စေသော သို့မဟုတ် ထိခိုက်စေနိုင်သော ယှဉ်ပြိုင်မှုဆောင်ရွက်ချက်များကို ဆိုသည်။

(ဈ) **စီးပွားရေးလုပ်ငန်း**ဆိုသည်မှာ ကုန်စည်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ လဲလှယ်ခြင်းစသည့် လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်ကို ဆိုသည်။

(ည) **စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ**ဆိုသည်မှာ စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်သော ပုဂ္ဂိုလ်ကို ဆိုသည်။ ယင်းစကားရပ်တွင် စီးပွားရေးလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်သောအဖွဲ့အစည်းလည်း ပါဝင်သည်။

(ဋ) **ကုန်စည်**ဆိုသည်မှာ ဤဥပဒေအလို့ငှာ ကုန်သွယ်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း သို့မဟုတ် စားသုံးခြင်းပြုသော ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် ငွေချေးသက်သေခံအထောက်အထားများ၊ စတော့ခ်များနှင့် ရှယ်ယာများလည်း ပါဝင်သည်။

(ဌ) **ဝန်ဆောင်မှု**ဆိုသည်မှာ ဤဥပဒေအလို့ငှာ အခကြေးငွေ သို့မဟုတ် အဖိုးအခ သို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်ပေးသော လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် အစိုးရအဖွဲ့က ဝန်ဆောင်မှု ဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့်လုပ်ငန်းများလည်း ပါဝင်သည်။

(ဍ) **ဈေးကွက်**ဆိုသည်မှာ ကုန်စည်နှင့် ဝန်ဆောင်မှုများအား ရောင်းလိုသူနှင့် ဝယ်လိုသူတို့အကြား ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်သော နယ်ပယ်ကို ဆိုသည်။

(ပ) **ဈေးကွက်ဝေစု**ဆိုသည်မှာ ဈေးကွက်၏ စုစုပေါင်း ရောင်းချနိုင်သောပမာဏတွင် စီးပွားရေး လုပ်ငန်း လုပ်ကိုင်သူက ရောင်းချသော သို့မဟုတ် ဝန်ဆောင်မှုပေးသော ရာခိုင်နှုန်း သို့မဟုတ် အချိုးအစားကို ဆိုသည်။

(ဖ) **ဈေးနှုန်း**ဆိုသည်မှာ ကုန်စည်ရောင်းချမှု သို့မဟုတ် ဝန်ဆောင်မှုပြုရာတွင် သတ်မှတ်သော တန်ဖိုးကို ဆိုသည်။

(ဗ) **ကော်မတီ**ဆိုသည်မှာ ကော်မရှင်၏လုပ်ငန်းတာဝန်များကိုဆက်လက်ဆောင်ရွက်နိုင်ရန် ကော်မရှင်က ဖွဲ့စည်းသော စုံစမ်းစစ်ဆေးရေးကော်မတီ အပါအဝင် အခြားကော်မတီများကိုဆိုသည်။

(ဘ) **လုပ်ငန်းအဖွဲ့**ဆိုသည်မှာ ယှဉ်ပြိုင်မှုဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ကော်မတီက ဖွဲ့စည်းသော လုပ်ငန်းအဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ် ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ရန်၊

(ခ) ပြည်တွင်း၊ ပြည်ပ ကုန်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အပေါ်တွင် မျှတမှုမရှိသော ဈေးကွက်ပြိုင်ဆိုင်မှုကို ထိန်းချုပ်နိုင်ရန်၊

(ဂ) ဈေးကွက်အပေါ် ထိန်းချုပ်နိုင်စွမ်းကို အလွဲသုံးစားပြုခြင်းမှ တားဆီးနိုင်ရန်၊

(ဃ) စီးပွားရေးလုပ်ငန်းများအကြား ကန့်သတ်ထားရှိသော သဘောတူညီချက်နှင့် အစီအမံများကို ထိန်းချုပ်နိုင်ရန်။

## အခန်း (၃)
## အခြေခံမူများ

၄။ ယှဉ်ပြိုင်မှု အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဈေးကွက်တွင် လွတ်လပ်၍ မျှတသော ယှဉ်ပြိုင်မှုဝန်းကျင်တစ်ရပ် ဖန်တီးပေးခြင်းအားဖြင့် ဒေသတွင်းနှင့် နိုင်ငံတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် အသိုက်အဝန်းအဖြစ် ရောက်ရှိစေရေး၊

(ခ) ဈေးကွက်တွင် မျှတသော ယှဉ်ပြိုင်မှုကို အားပေးကူညီခြင်းဖြင့် စီးပွားရေးလုပ်ငန်းများတစ်ပြေးညီ တိုးတက်လာစေရေးနှင့် သာတူညီမျှ ခံစားခွင့်ရရှိစေရေး၊

(ဂ) ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ ကာကွယ် စောင့်ရှောက်ပေးနိုင်ရေး၊

(ဃ) လုပ်ငန်းနယ်ပယ်အသီးသီးတွင် လွတ်လပ်၍ မျှတသော ယှဉ်ပြိုင်မှု ဖြစ်ထွန်းပေါ်ပေါက်စေရေး၊

(င) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်းဆိုင်ရာ ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ကျွမ်းကျင်လုပ်သားများ၊ ငွေကြေးစီးဝင်မှုများအတွက် လွတ်လပ်စွာလုပ်ကိုင် ဆောင်ရွက်နိုင်သော စီးပွားရေးအသိုက်အဝန်းတစ်ခုအဖြစ် ဖွဲ့စည်းဖြစ်ပေါ်လာစေရေးနှင့် ယှဉ်ပြိုင်မှု ကွန်ရက်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

(စ) ဈေးကွက်အတွင်း ယှဉ်ပြိုင်မှု မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(ဆ) ရင်းနှီးမြှုပ်နှံသူ၊ တီထွင်သူနှင့် ထုတ်လုပ်သူတို့၏ အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးများကို ကာကွယ်ပေးခြင်းဖြင့် တီထွင်ကြံဆနိုင်သော စွမ်းရည်ကို အားပေးမြှင့်တင်ရေး။

## အခန်း (၄)
## ကော်မရှင်ဖွဲ့စည်းခြင်း

၅။ အစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များ၊ သင့်လျော်သော ပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ကို ဖွဲ့စည်းရမည်။

(ခ) ကော်မရှင်ကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မရှင်ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက ခွင့်ပြုသောလစာ၊ စရိတ်နှင့် ချီးမြှင့်ငွေတို့ကို ခံစားခွင့်ရှိသည်။

၇။ ကော်မရှင်သည် နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးဆိုင်ရာ မူဝါဒများနှင့်အညီ မိမိ၏ လုပ်ငန်းတာဝန်များကို လွတ်လပ်စွာ စီမံဆောင်ရွက်နိုင်သည်။

## အခန်း (၅)
## ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များကို အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်ဖြစ်စေ၊ နိုင်ငံအချင်းချင်းဖြစ်စေ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတော်၏ အကျိုးစီးပွားအတွက် လိုအပ်သော စီးပွားရေးလုပ်ငန်းများနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ဤဥပဒေကို လိုက်နာဆောင်ရွက်ခြင်းမှ လိုအပ်ပါက ကင်းလွတ်ခွင့်ပြုခြင်း၊

(ဂ) ကော်မတီများနှင့် လုပ်ငန်းအဖွဲ့များကို လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဃ) ကော်မတီများနှင့် လုပ်ငန်းအဖွဲ့များမှ တင်ပြလာသော ကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း၊

(င) စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် သို့မဟုတ် ယှဉ်ပြိုင်မှုကို ကန့်သတ်ရန် ခွင့်ပြုချက် ရရှိရေးအတွက် လျှောက်ထားရာတွင် လိုအပ်သည့်ပုံစံ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(စ) စီးပွားရေးလုပ်ငန်းတစ်ခု၏ ပိုင်ဆိုင်ခွင့်တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို အခြားစီးပွားရေး လုပ်ငန်းတစ်ခုက လွှမ်းမိုးမှု၊ ဝယ်ယူမှု၊ ရယူမှု သို့မဟုတ် စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းမှုကြောင့် ယှဉ်ပြိုင်မှုအပေါ် ထိခိုက်နိုင်သည့် ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာ အရေအတွက်နှင့် လုပ်ငန်းနှင့်သက်ဆိုင်သည့် ပိုင်ဆိုင်သော ပစ္စည်းပမာဏတို့ကို သတ်မှတ်ခြင်း၊

(ဆ) လက်ဝါးကြီးအုပ်ဆောင်ရွက်သည်ဟု ကော်မရှင်ကယူဆသည့် ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာအရေအတွက်နှင့် လုပ်ငန်းနှင့်သက်ဆိုင်သည့် ပိုင်ဆိုင်သော ပစ္စည်း ပမာဏတို့ကို သတ်မှတ်ဆုံးဖြတ်ခြင်း၊

(ဇ) စီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် စီးပွားရေးလုပ်ငန်းစုတစ်ခုသည် ဈေးကွက်အတွင်း ယှဉ်ပြိုင်မှု ကို ထိခိုက်နိုင်သည်ဟု ကော်မရှင်က သတ်မှတ်ထားသော ဈေးကွက်ဝေစုပိုင်ဆိုင်မှု ပမာဏထက်

ကျော်လွန်လျှင် သို့မဟုတ် ကျော်လွန်သည်ဟု ကော်မရှင်က ယူဆလျှင် ယင်းစီးပွားရေးလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းစု၏ ဈေးကွက်ဝေစုကို သတ်မှတ်ထားသည့် လုပ်ငန်းပမာဏသို့ လျှော့ချရန် ညွှန်ကြားခြင်း၊

(ဈ) လက်ဝါးကြီးအုပ် ချုပ်ကိုင်ရန်ရှိသည်ဟု ကော်မရှင်ကယူဆသည့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးဦး၏ ဈေးကွက်ဝေစုနှင့် အရောင်းမြှင့်တင်မှုများကို ကန့်သတ်သည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ တားမြစ်ခြင်း၊

(ည) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ကော်မရှင်က သံသယရှိလျှင်သော်လည်းကောင်း၊ ခိုင်လုံသောတိုင်ကြားချက်ရရှိလျှင်သော်လည်းကောင်း စုံစမ်းစစ်ဆေးရန် တာဝန်ပေးခြင်း၊

(ဋ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးဦးထံမှ ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်း၍ လိုအပ်သည့် အထောက်အထားများနှင့် အချက်အလက်များကို တောင်းဆိုခြင်း၊

(ဌ) ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်းသည့် လိုအပ်သောစုံစမ်းမေးမြန်းမှုများ ဆောင်ရွက်ရန် သက်ဆိုင်သူများကို ခေါ်ယူမေးမြန်းခြင်း၊

(ဍ) ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ ရှင်းလင်းချက်များ၊ အကြံပြုချက်များ သို့မဟုတ် ထင်မြင်ချက်များပေးရန် လိုအပ်ချက်နှင့်အညီ ပညာရှင်များ၊ ကျွမ်းကျင်သူများကို ဖိတ်ခေါ်ဆွေးနွေးခြင်း၊

(ပ) ကိစ္စတစ်ရပ်ချင်းအလိုက် သတ်မှတ်ချက်နှင့်အညီ လိုအပ်သော အထောက်အထားများနှင့်ပစ္စည်းများကို စစ်ဆေးရေးအတွက် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊ ယင်းအထောက်အထား သို့မဟုတ် ပစ္စည်းကို ခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ထားရန် ခွင့်ပြုသည့် အမိန့်ချမှတ်ခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(ဏ) စုံစမ်းစစ်ဆေးရေးကော်မတီက တင်ပြသော စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ စိစစ်ခြင်းနှင့်လိုအပ်ပါက တရားစွဲဆိုရန် ညွှန်ကြားခြင်း၊

(တ) ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူက ပြစ်မှုနှင့် စပ်လျဉ်း၍ တရားရုံးတွင် မိမိကိုယ်တိုင်ပါဝင်ကျူးလွန်ခဲ့ကြောင်း မခြွင်းမချန်ထွက်ဆိုခဲ့လျှင် ထိုသူကို စည်းကမ်းချက်ဖြင့် ပြစ်ဒဏ်ကင်းလွတ်ခွင့်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ထ) ယှဉ်ပြိုင်မှုနှင့်သက်ဆိုင်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ဒ) ယှဉ်ပြိုင်မှုနှင့်သက်ဆိုင်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ကော်မရှင်သည် မိမိ၏လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှုအခြေအနေများကို အစိုးရအဖွဲ့သို့ သုံးလလျှင်တစ်ကြိမ် အစီရင်ခံတင်ပြရမည်။

၁၀။ ထူးခြားသည့်အခြေအနေ ပေါ်ပေါက်ပါက ကော်မရှင်သည် မိမိ၏လုပ်ငန်းဆောင်ရွက်ချက်များကို အစိုးရအဖွဲ့သို့ ဆောလျင်စွာ တင်ပြရမည်။

## အခန်း (၆)

## စုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၁။ ကော်မရှင်သည် -

(က) စုံစမ်းစစ်ဆေးရေးကော်မတီကို ကော်မတီဝင် အနည်းဆုံးငါးဦး၊ အများဆုံးကိုးဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းတို့အနက်မှ သင့်လျော်သူတစ်ဦးကို ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် ကော်မတီဝင်များသည် စီးပွားရေးပညာရပ်၊ ဥပဒေပညာရပ်၊ ကူးသန်းရောင်းဝယ်ရေးပညာရပ်နှင့် သက်ဆိုင်ရာ အခြားပညာရပ်များတွင် အတွေ့အကြုံနှင့် ဗဟုသုတရှိသူ ဖြစ်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် စုံစမ်းစစ်ဆေးရေးကော်မတီဝင်အဖြစ်၊ ဆောင်ရွက်သူသည် စုံစမ်းစစ်ဆေးရမည့် စီးပွားရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သက်ဆိုင်သူ မဖြစ်စေရ။

(ဃ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော စုံစမ်းစစ်ဆေးရေးကော်မတီကို လိုအပ်သလိုပြင်ဆင်ဖွဲ့စည်း နိုင်သည်။

၁၂။ စုံစမ်းစစ်ဆေးရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) စုံစမ်းစစ်ဆေးရေးကိစ္စရပ်များအတွက် လိုအပ်သည့် သက်သေခံအထောက်အထား၊ စာရွက်စာတမ်း၊ ငွေရေးကြေးရေးအထောက်အထားများနှင့် ခိုင်လုံသောအကျိုးအကြောင်းဖော်ပြချက်များ တောင်းယူစစ်ဆေးခြင်း၊ လိုအပ်သောသက်သေများကို ခေါ်ယူမေးမြန်းခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လိုက်နာရန်ပျက်ကွက်ပါက အရေးယူဆောင်ရွက်မှုပြုနိုင်ရန် ကော်မရှင်မှ တစ်ဆင့်သက်ဆိုင်ရာ ဌာန အဖွဲ့အစည်းများသို့ တင်ပြခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် ယင်းတို့နှင့်ဆက်စပ် ပါဝင်နိုင်ဖွယ်ရှိသော ပုဂ္ဂိုလ်တစ်ဦးဦး၏ အဆောက်အအုံ၊ မြေ၊ လုပ်ငန်းနေရာတို့ကို ဥပဒေနှင့်အညီ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်းနှင့် ရှာဖွေခြင်း၊

(ဃ) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများနှင့် ဤဥပဒေအရ လိုအပ်သောအရေးယူဆောင်ရွက်မှုများကို ပြုနိုင်ရန် ကော်မရှင်သို့ တင်ပြခြင်း၊

(င) လိုအပ်သောလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(စ) လုပ်ငန်းအဖွဲ့များ၏စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများကို လက်ခံစစ်ဆေးဆောင်ရွက်ခြင်း။

## အခန်း (၇)

## ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သော ဆောင်ရွက်ချက်

၁၃။ မည်သူမျှယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သော ဆောင်ရွက်ချက်ကို ဖြစ်ပေါ်စေသည့် အောက်ပါ ဆောင်ရွက်မှုတစ်ခုခုကို မပြုရ -

(က) ဝယ်ယူသည့် ဈေးနှုန်း သို့မဟုတ် ရောင်းချသည့်ဈေးနှုန်း သို့မဟုတ် အခြားကူးသန်းရောင်းဝယ်သည့် အခြေအနေများ၌ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဈေးနှုန်းညှိနှိုင်းသတ်မှတ်ခြင်း၊

(ခ) ဈေးကွက်အတွင်း ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များ ပြုလုပ်ခြင်း၊

(ဂ) မိမိ၏ စီးပွားရေးလုပ်ငန်းသည် သက်ဆိုင်ရာဈေးကွက်အတွင်း လွှမ်းမိုးထားနိုင်သည့် အခြေအနေ အပေါ် အခွင့်အရေးယူ၍ အလွဲသုံးစားမှုပြုခြင်း၊

(ဃ) တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အဖွဲ့အစည်းကဖြစ်စေ ဈေးကွက်ကန့်သတ်ထိန်းချုပ်မှုကို ဆောင်ရွက် ခြင်း၊

(င) ဈေးကွက် သို့မဟုတ် ထောက်ပံ့မှု အရင်းအမြစ်များကို မျှဝေရန် ကန့်သတ်တားဆီးခြင်း၊

(စ) ထုတ်လုပ်မှု၊ ဈေးကွက်ရရှိမှု၊ နည်းပညာနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှုတို့ကို ကန့်သတ်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်း၊

(ဆ) တင်ဒါ သို့မဟုတ် လေလံဆွဲရာတွင် ညှိနှိုင်းသတ်မှတ်ခြင်း။

၁၄။ ကော်မရှင်သည် ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များနှင့် စပ်လျဉ်း၍ စားသုံးသူတို့ကို စရိတ်လျော့နည်းစေရန် ရည်ရွယ်ဆောင်ရွက်သည့် အောက်ပါကိစ္စရပ်တစ်ခုခုတွင် အကျိုးဝင်ပါက တိကျသော ကာလတစ်ရပ်သတ်မှတ်၍ ကင်းလွတ်ခွင့်ပြုနိုင်သည် -

(က) လုပ်ငန်းစွမ်းဆောင်ရည် တိုးမြှင့်စေရန် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းပုံစံတို့ကို ပြုပြင်ပြောင်းလဲခြင်း၊

(ခ) ကုန်စည်နှင့် ဝန်ဆောင်မှုအရည်အသွေးတိုးတက်စေရန် နည်းပညာနှင့် နည်းပညာအဆင့်မြှင့်မားမှုကို တိုးတက်စေခြင်း၊

(ဂ) ကွဲပြားသော ထုတ်ကုန်အမျိုးမျိုး၏ နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများနှင့် အရည်အသွေးအဆင့်အတန်း တစ်ပြေးညီတိုးတက်စေခြင်း၊

(ဃ) ဈေးနှုန်းနှင့်ဖြစ်စေ၊ ဈေးနှုန်းဆိုင်ရာ အချက်အလက်များနှင့်ဖြစ်စေ သက်ဆိုင်ခြင်းမရှိဘဲ စီးပွားရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ကုန်စည်များဖြန့်ဖြူးခြင်းနှင့်ငွေပေးချေခြင်းကိစ္စများ တစ်ပြေးညီဖြစ်စေခြင်း၊

(င) အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုစွမ်းအားကို မြှင့်မားစေခြင်း၊

(စ) နိုင်ငံတကာဈေးကွက်တွင် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုစွမ်းအားကိုမြှင့်မားစေခြင်း။

## အခန်း (၈)

## ယှဉ်ပြိုင်မှုတွင် ဈေးကွက် လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်း

၁၅။ မည်သည့်စီးပွားရေး လုပ်ငန်းလုပ်ကိုင်သူမျှ ဈေးကွက်လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်းကို ဖြစ်ပေါ်စေသည့် အောက်ပါဆောင်ရွက်မှုတစ်ခုခုကို မပြုရ -

(က) ကုန်စည်ဝယ်ယူသည့် ဈေးနှုန်း သို့မဟုတ် ကုန်စည်ရောင်းချသည့်ဈေးနှုန်း သို့မဟုတ် ဝန်ဆောင်မှုအတွက် အခကြေးငွေကို ထိန်းချုပ်ထားခြင်း၊

(ခ) ဈေးနှုန်းထိန်းချုပ်ရန် ရည်ရွယ်ချက်ဖြင့် ဝန်ဆောင်မှုကိုဖြစ်စေ၊ ထုတ်လုပ်မှုကိုဖြစ်စေကန့်သတ်ခြင်း သို့မဟုတ် ကုန်စည်ဝယ်ယူခြင်း၊ ရောင်းချခြင်းပြုရာတွင် အခွင့်အလမ်းများကို ကန့်သတ်ခြင်း သို့မဟုတ် အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများက မဖြစ်မနေဆောင်ရွက်ရမည့် စည်းကမ်းချက်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သတ်မှတ်ခြင်း၊

(ဂ) ဝန်ဆောင်မှု၊ ထုတ်လုပ်မှု၊ ဝယ်ယူမှု၊ ဖြန့်ဖြူးမှု၊ လွှဲပြောင်းပေးမှု သို့မဟုတ် တင်သွင်းမှုတို့ကို သင့်လျော်သည့် အကြောင်းပြချက်မရှိဘဲ ဆိုင်းငံ့ထားခြင်း၊ လျှော့ချခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ဈေးကွက်ဝယ်လိုအားအောက် လျော့နည်းစေရေးအတွက် အရည်အသွေးကို လျှော့ချရန်အလို့ငှာ ကုန်စည်များကို ဖျက်ဆီးခြင်း၊ ပျက်စီးစေရန်ပြုလုပ်ခြင်း၊

(ဃ) အခြားစီးပွားရေးလုပ်ကိုင်သူများကို ဈေးကွက်အတွင်း ဝင်ရောက်မလာနိုင်စေရန်နှင့် ဈေးကွက်ဝေစုကို ထိန်းချုပ်ရန်အလို့ငှာ ကုန်စည်နှင့် ဝန်ဆောင်မှုများရောင်းဝယ်ဖောက်ကားမှုပြုရာတွင် နယ်မြေဧရိယာထိန်းချုပ်ကန့်သတ်မှုပြုခြင်း၊

(င) အခြားသူ၏စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင်တရားမျှတမှုမရှိဘဲ ဝင်ရောက်စွက်ဖက်ခြင်း။

၁၆။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် အခြားစီးပွားရေးလုပ်ငန်းတစ်ခုခု၏ အခြေအနေကို ထိန်းသိမ်းခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းသစ်တစ်ခု ဖန်တီးခြင်းကို အကျိုးသက်ရောက်မှုရှိစေရန် ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် အောက်ဖော်ပြပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်သည် -

(က) အခြားစီးပွားရေးလုပ်ငန်းတစ်ခုခု၏ ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ ပံ့ပိုးကူညီသူတို့နှင့် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ခြင်း၊

(ခ) အခြားစီးပွားရေးလုပ်ငန်းတစ်ခုခု၏ ပိုင်ဆိုင်မှုပစ္စည်းများ သို့မဟုတ် အစုရှယ်ယာများအားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဝယ်ယူခြင်း။

## အခန်း (၉)
## တရားမျှတမှု မရှိသော ယှဉ်ပြိုင်မှု

၁၇။ ဤဥပဒေအရ တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှု အလို့ငှာ ဆောင်ရွက်ချက်တို့မှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) စားသုံးသူများ အထင်အမြင်လွဲမှားစေရန် ဆောင်ရွက်ခြင်း၊

(ခ) စီးပွားရေးလုပ်ငန်း လျှို့ဝှက်ချက်ကို ပေါက်ကြားစေခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူအချင်းချင်း အနိုင်အထက်ပြုလုပ်ခြင်း၊

(ဃ) အခြားစီးပွားရေးလုပ်ငန်း၏ နာမည်ဂုဏ်သတင်းကို ပျက်ပြားစေခြင်း၊

(င) အခြားစီးပွားရေးလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှုကို နှောင့်ယှက်ခြင်း၊

(စ) မျှတမှုမရှိသော ယှဉ်ပြိုင်မှုအလို့ငှာ ကြော်ငြာခြင်းနှင့် အရောင်းမြှင့်တင်ခြင်း၊

(ဆ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအကြား ခွဲခြားဆက်ဆံခြင်း၊

(ဇ) ထုတ်လုပ်မှုကုန်ကျစရိတ် အောက်လျှော့နည်းသော ဈေးနှုန်းဖြင့်ဖြစ်စေ၊ ဆိပ်ကမ်းရောက် တန်ဖိုး အောက် လျှော့နည်းသောဈေးနှုန်းဖြင့်ဖြစ်စေ ဈေးကွက်အတွင်း ရောင်းချခြင်း၊

(ဈ) မိမိလုပ်ငန်း၏ အရှိန်အဝါဩဇာကို အလွဲသုံးစားပြုခြင်း၊ အခြားလုပ်ငန်းများနှင့် သဘောတူစာချုပ် ချုပ်ဆိုထားသူအား စာချုပ်ဖောက်ဖျက်ရန် ဆွဲဆောင်ခြင်း၊ လှုံ့ဆော်ခြင်း၊

(ည) ကော်မရှင်က စားသုံးသူများ၏အကျိုးအတွက် လိုအပ်သည့်အခါတွင် သတ်မှတ်သည့်ယှဉ်ပြိုင်မှုတွင် မျှတမှုမရှိသော ဆောင်ရွက်ချက်ကို ပြုလုပ်ခြင်း။

၁၈။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ စားသုံးသူများ အထင်အမြင်လွဲမှားစေသည့် အောက်ပါ ဆောင်ရွက်မှုတစ်ခုခုကို မပြုရ -

(က) တရားဝင်မှတ်ပုံတင်ထားသည့် ကုန်စည်အမည်၊ လုပ်ငန်းဆောင်ပုဒ်၊ အမှတ်တံဆိပ်၊ ထုပ်ပိုးမှု၊ ပထဝီဒေသဆိုင်ရာ အညွှန်းများနှင့် အခြားအရာများကို အထင်အမြင်လွဲမှားမှုဖြစ်စေသည့် အချက် အလက်များကို အသုံးပြု၍ ယှဉ်ပြိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ သတင်းအချက်အလက်များကို အသုံးပြု၍ ကုန်စည်ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှု ပေးခြင်းစသည့် စီးပွားရေးလုပ်ငန်းကို လုပ်ဆောင်ခြင်း။

၁၉။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ အခြားစီးပွားရေးလုပ်ငန်းတစ်ခုခု၏ လျှို့ဝှက်ချက်များကို ပေါက်ကြားစေခြင်းနှင့် စပ်လျဉ်း၍ အောက်ပါဆောင်ရွက်မှုတစ်ခုခုကို မပြုလုပ်ရ -

(က) စီးပွားရေးလုပ်ငန်းတစ်ခု၏ လျှို့ဝှက်ချက်များ၊ ယင်းလျှို့ဝှက်ချက်နှင့် သက်ဆိုင်သည့် သတင်း အချက်အလက်များကို ရယူခြင်း၊ စုဆောင်းခြင်းပြုလုပ်ရာတွင် အဆိုပါလျှို့ဝှက်ချက်များကို ဥပဒေအရ ပိုင်ဆိုင်သူများက ကာကွယ်ထားသည့် လုံခြုံရေးဆိုင်ရာ အစီအမံများကို ချိုးဖောက်၍ ဆောင်ရွက်ခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းလျှို့ဝှက်ချက်များကို ဥပဒေနှင့်အညီ ပိုင်ဆိုင်သူ၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ အသုံးပြုခြင်း သို့မဟုတ် ဖော်ထုတ်ခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်း၏ လျှို့ဝှက်ချက်များ၊ ယင်းလျှို့ဝှက်ချက်နှင့် သက်ဆိုင်သည့် သတင်းအချက် အလက်များကို ရယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် ဖော်ထုတ်ခြင်းပြုရာတွင် ယင်းလျှို့ဝှက်ချက်ကို ထိန်းသိမ်းရန် တာဝန်ရှိသူ၏ ယုံကြည်မှုရရှိရန် သွေးဆောင်ဖြားယောင်းခြင်း သို့မဟုတ် ယုံကြည်မှု အပေါ် အခွင့်အရေးရယူခြင်း၊

(ဃ) ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ နည်းလမ်းတကျ ဆောင်ရွက်သည့် အခြားပုဂ္ဂိုလ်များပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်း၏ လျှို့ဝှက်ချက်များ ထုတ်ကုန်ဖြန့်ဖြူးခြင်းများနှင့်ဆိုင်သော လုပ်ငန်းစဉ်များကို ပေါက်ကြားစေခြင်း၊

(င) နိုင်ငံပိုင် အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသော လုံခြုံမှုဆိုင်ရာ အစီအမံများကို ချိုးဖောက်၍ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များကို ပေါက်ကြားစေခြင်း၊

(စ) ပုဒ်မခွဲ (င) ပါ သတင်းအချက်အလက်များကို အသုံးပြု၍ စီးပွားရေးလုပ်ငန်းကိစ္စအတွက် ဆောင်ရွက်ခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းလိုင်စင်ရယူရန် လျှောက်ထားခြင်း သို့မဟုတ် ကုန်စည်များ ဖြန့်ဖြူးခြင်း။

၂၀။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ စားသုံးသူများကိုဖြစ်စေ၊ အခြားစီးပွားရေးလုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်သူများကိုဖြစ်စေ ထိုလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမပြုရန် သို့မဟုတ် ဆက်သွယ်ဆောင်ရွက်ခြင်းကို ရပ်စဲရန် ခြိမ်းခြောက်၍သော်လည်းကောင်း၊ အတင်းအကျပ်ပြု၍သော်လည်းကောင်း ချုပ်ချယ်မှုပြုလုပ်ခြင်းဖြင့် အနိုင်အထက်မပြုရ။

၂၁။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ အခြားစီးပွားရေးလုပ်ငန်းများ၏ နာမည်ဂုဏ်သတင်း၊ ငွေကြေးဆိုင်ရာ အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ပျက်ပြားစေရန် မမှန်ကန်သော သတင်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထုတ်လွှင့်ခြင်းမပြုရ။

၂၂။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ အခြားစီးပွားရေးလုပ်ငန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တားဆီးခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းမပြုရ။

၂၃။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုအလို့ငှာ ကြော်ငြာလုပ်ငန်းဆိုင်ရာ အောက်ပါဆောင်ရွက်မှုတစ်ခုခုကို မပြုရ -

(က) စီးပွားရေးလုပ်ငန်းတစ်ခု၏ ကုန်စည်နှင့်ဝန်ဆောင်မှုများကို အခြားစီးပွားရေးလုပ်ငန်းများ၏ အလားတူ ကုန်စည်၊ ဝန်ဆောင်မှုများနှင့် တိုက်ရိုက်နှိုင်းယှဉ်ခြင်း၊

(ခ) သူတစ်ပါး၏ ကုန်စည်နှင့် ဆင်တူယိုးမှားကြော်ငြာခြင်းဖြင့် ကုန်စည်ဝယ်ယူသူတို့ကို သွေးဆောင်ဖြားယောင်းခြင်း၊

(ဂ) အောက်ပါအကြောင်းအချက်များအနက် တစ်ခုခုအပေါ် မှားယွင်းသော သို့မဟုတ် သွေးဆောင်ဖြားယောင်းသော သတင်းအချက်အလက်များကို ကုန်စည်ဝယ်ယူသူများသို့ ထုတ်ပြန်ခြင်း -

(၁) ဈေးနှုန်း၊ ပမာဏ၊ အရည်အသွေး၊ အသုံးဝင်မှုများ၊ ဒီဇိုင်းပုံစံများ၊ အမျိုးအစားများ၊ ထုပ်ပိုးမှုများ၊ ထုတ်လုပ်သည့်ရက်စွဲ၊ ကြာရှည်အသုံးခံမှု၊ မူလအရင်းအမြစ်၊ ထုတ်လုပ်သူများ၊ ထုတ်လုပ်သည့်နေရာများ၊ ပြုပြင်ထုတ်လုပ်သူများ၊ ပြုပြင်ထုတ်လုပ်သည့်နေရာများ၊

(၂) အသုံးပြုပုံ၊ ဝန်ဆောင်မှုပေးပုံ၊ အာမခံကာလ၊

(၃) အခြားမှားယွင်းသော သို့မဟုတ် သွေးဆောင်ဖြားယောင်းသော သတင်းအချက်အလက်များ။

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသည့် ကြော်ငြာလုပ်ငန်းများ။

၂၄။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုကို ဖြစ်စေသည့် အောက်ပါဆောင်ရွက်မှု တစ်ခုခုကို မပြုရ -

(က) လိမ်လည်လှည့်ဖြားလိုသော ရည်ရွယ်ချက်ဖြင့် အရောင်းမြှင့်တင်ရန် စည်းရုံးဆောင်ရွက်ခြင်း၊

(ခ) တူညီသော အရောင်းမြှင့်တင်ရေးအစီအစဉ်တွင် ကုန်စည်ဝယ်ယူသူများကို ခွဲခြားဆက်ဆံခြင်း၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသော အရောင်းမြှင့်တင်မှု နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်ခြင်း။

၂၅။ မည်သည့်စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူမျှ ခွဲခြားဆက်ဆံခြင်းကို ဖြစ်ပေါ်စေသည့် အောက်ပါဆောင်ရွက်မှု တစ်ခုခုကို မပြုရ -

(က) စီးပွားရေးလုပ်ငန်းတစ်ခုကို မိမိအဖွဲ့အစည်းသို့ ဝင်ရောက်ရန် သတ်မှတ်ထားသော အရည်အချင်းပြည့်မီသော်လည်း ဝင်ခွင့်ပြုရန် ငြင်းဆန်ခြင်းဖြင့်ဖြစ်စေ၊ နုတ်ထွက်ခွင့်ပြုရန် ငြင်းဆန်ခြင်းဖြင့်ဖြစ်စေ ယှဉ်ပြိုင်မှုတွင် အဟန့်အတားဖြစ်စေခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတွင် ပါဝင်သော စီးပွားရေးလုပ်ငန်း၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင်မှုများကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ကန့်သတ်ခြင်း။

၂၆။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ မိမိ၏ ကုန်စည်ကို ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချရာ၌ အခြားစီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်း လျော့နည်းသွားစေရန် ရည်ရွယ်၍ ယင်းကုန်စည်၏ ထုတ်လုပ်မှုကုန်ကျစရိတ်အောက်လျော့နည်းသောဈေးနှုန်းဖြင့်လည်းကောင်း၊ သွင်းကုန်ဖြစ်ပါက ဆိပ်ကမ်းရောက်တန်ဖိုးအောက်လျော့နည်းသော ဈေးနှုန်းဖြင့်လည်းကောင်း ရောင်းချခြင်းမပြုရ။

၂၇။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ ဈေးကွက်အတွင်း အရှိန်အဝါသြဇာကို အလွဲသုံးစားပြု၍ အောက်ပါဆောင်ရွက်မှုတစ်ခုခုကို မပြုရ -

(က) ယှဉ်ပြိုင်သူများ ဈေးကွက်အတွင်းမှ ထွက်သွားစေရန် အလို့ငှာ ထုတ်လုပ်မှုကုန်ကျစရိတ်အောက်လျော့နည်းသော ဈေးနှုန်း သို့မဟုတ် ဆိပ်ကမ်းရောက်တန်ဖိုးအောက်လျော့နည်းသော ဈေးနှုန်းဖြင့် ကုန်စည်များရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း၊

(ခ) ဈေးကွက်ပေါက်ဈေးနှင့် ကိုက်ညီမှုမရှိသော ဈေးနှုန်းဖြင့် ကုန်စည်များရောင်းချခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း သို့မဟုတ် ပြန်လည်ရောင်းချသူများအပေါ် ရောင်းချရမည့် ဈေးနှုန်းသတ်မှတ်ပေးခြင်းဖြင့် စားသုံးသူများကို ထိခိုက်နစ်နာစေခြင်း၊

(ဂ) ကုန်စည်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့ကို ထိန်းချုပ်ခြင်း၊ ဈေးကွက်ကို ကန့်သတ်ထားခြင်း၊ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေခြင်းနှင့် စားသုံးသူများကို ထိခိုက်နစ်နာစေခြင်း၊

(ဃ) တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုဖြစ်ပေါ်စေရန်အလို့ငှာ တူညီသော ဈေးကွက်အတွင်းတစ်ပြေးညီမဟုတ်သော ကူးသန်းရောင်းဝယ်မှုဆိုင်ရာ စည်းကမ်းချက်များ ချမှတ်ခြင်း၊

(င) ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ အရောင်းအဝယ်စာချုပ်များချုပ်ဆိုရာ၌ အခြားစီးပွားရေးလုပ်ငန်းများအပေါ် တရားမျှတမှုမရှိသော စည်းကမ်းချက်များချမှတ်ခြင်း သို့မဟုတ် ယင်းစာချုပ်များနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသော တာဝန်ဝတ္တရားများကို လက်ခံရန် အတင်းအကျပ်ပြုခြင်း၊

(စ) ဈေးကွက်အတွင်း ယှဉ်ပြိုင်သူအသစ်များ ဝင်ရောက်လာခြင်းကို မတရားသည့်နည်းလမ်းများဖြင့် တားဆီးခြင်း၊

(ဆ) ဈေးကွက်အတွင်း ယှဉ်ပြိုင်သူအသစ်များ ဝင်ရောက်လာခြင်းကို တားဆီးရန်အတွက် မိမိပိုင်ဆိုင်သည့် သို့မဟုတ် အသုံးပြုလျက်ရှိသည့် အဓိကကျသော အထောက်အကူပြုပစ္စည်းများ သို့မဟုတ် ရှားပါးအရင်းအမြစ်များအား အသုံးပြုခွင့်ကို ငြင်းပယ်ခြင်း သို့မဟုတ် ခွဲခြားခွင့်ပြုခြင်း။

၂၈။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ တခြားစီးပွားရေးလုပ်ငန်းများနှင့် သဘောတူစာချုပ်ချုပ်ဆိုထားပြီးဖြစ်သော ပုဂ္ဂိုလ် သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုကို စာချုပ်သက်တမ်းမကုန်ဆုံးမီစာချုပ်ဖောက်ဖျက်စေရန် သွေးဆောင်ဖြားယောင်းခြင်း သို့မဟုတ် ဆွဲဆောင်ခြင်းမပြုရ။

၂၉။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ ဈေးကွက်အတွင်း မျှတမှုမရှိသော နည်းလမ်းဖြင့် ကုန်စည်များကို တင်သွင်းခြင်း၊ ယင်းကုန်စည်များကို ဈေးကွက်ပေါက်ဈေးအောက်လျှော့၍ ရောင်းချခြင်းမပြုရ။

## အခန်း (၁၀)

## စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း

၃၀။ စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းတွင် အောက်ပါလုပ်ဆောင်ချက်များ ပါဝင်သည် -

(က) စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းများ ပေါင်းစပ်ဖွဲ့စည်းခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းတစ်ခုက အခြားစီးပွားရေးလုပ်ငန်းတစ်ခုကို ဝယ်ယူခြင်း၊ ရယူခြင်း၊

(ဃ) စီးပွားရေးလုပ်ငန်းများ ဖက်စပ်လုပ်ကိုင်ခြင်း၊

(င) ကော်မရှင်က သတ်မှတ်ထားသည့် စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အခြားနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း။

၃၁။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ ပုဒ်မ ၃၀ ပါ လုပ်ဆောင်ချက်များကို ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ အခြေအနေများ ဖြစ်ပေါ်စေနိုင်သည့် ပူးပေါင်းဆောင်ရွက်မှုကို မပြုရ -

(က) အချိန်ကာလတစ်ခုအတွင်း ဈေးကွက်လွှမ်းမိုးမှုကို အလွန်အမင်း မြင့်မားစေရန် ရည်ရွယ်သည့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) စီးပွားရေးလုပ်ငန်း တစ်ခုတည်း သို့မဟုတ် အနည်းစုသာရှိသော ဈေးကွက်ရရှိစေရန်အတွက် ယှဉ်ပြိုင်မှုကို ကျဆင်းစေသည့် ပူးပေါင်းဆောင်ရွက်ခြင်း။

၃၂။ စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရာတွင် ပါဝင်သည့် စီးပွားရေးလုပ်ငန်းများ၏ ပေါင်းစပ်လိုက်သည့် ဈေးကွက်ဝေစုမှာ ကော်မရှင်က သတ်မှတ်ထားသည့် ဈေးကွက်ဝေစုကန့်သတ်ချက်ထက် ကျော်လွန်ပါက မည်သည့်စီးပွားရေးလုပ်ငန်း အချင်းချင်းပူးပေါင်းမှုကိုမျှ မပြုလုပ်ရ။

၃၃။ ပုဒ်မ ၃၁ အရ တားမြစ်ထားသည့် စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု သို့မဟုတ် တားမြစ်ချက်တစ်ခုခုကို အောက်ဖော်ပြပါ အခြေအနေများတွင် ကင်းလွတ်ခွင့်ပေးနိုင်သည် -

(က) ပုဒ်မ ၃၀ အရ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ပြီးသော်လည်း ထိုစီးပွားရေးလုပ်ငန်းသည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းအရွယ်အစား အတွင်း၌ပင် ရှိနေသေးသည့် အခြေအနေ၊

(ခ) ပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်သည့် စီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော စီးပွားရေးလုပ်ငန်းများသည် ပြိုလဲပျက်စီးနိုင်သည့် အခြေအနေ သို့မဟုတ် ဒေဝါလီခံရတော့မည့် အခြေအနေ၊

(ဂ) စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုသည် ပို့ကုန်တင်ပို့မှုမြှင့်တင်ရေးအပေါ် အကျိုးသက်ရောက်မှုရှိသော အခြေအနေ သို့မဟုတ် နည်းစနစ်နှင့် နည်းပညာတိုးတက်မှုကို အထောက်အပံ့ပေးသည့် အခြေအနေ သို့မဟုတ် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများ တည်ထောင်သည့် အခြေအနေ။

## အခန်း (၁၁)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၃၄။ ကော်မတီသည် ဤဥပဒေအရ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်သည့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူကို အောက်ပါအရေးယူမှုတစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ တစ်ရပ်ထက်ပိုသော အရေးယူမှုများဖြင့်ဖြစ်စေ ဆုံးဖြတ်ဆောင်ရွက်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(ဂ) လုပ်ငန်းဆောင်ရွက်ခြင်းကို ယာယီ သို့မဟုတ် အမြဲတမ်းပိတ်သိမ်းရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

၃၅။ ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် အဆိုပါ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ အယူခံဝင်ရောက်ခွင့်ရှိသည်။

၃၆။ (က) ကော်မရှင်သည် ပုဒ်မ ၃၅ အရ အယူခံသည့်အခါ ကော်မတီ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကော်မရှင်၏ အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်သည်။

၃၇။ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) ပါ သတ်မှတ်ထားသော ဒဏ်ကြေးငွေကို ပေးဆောင်ခြင်းမရှိပါက ဝင်ငွေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၃၈။ ဤဥပဒေအရ ချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းကို ပိတ်ပင်ခြင်းမရှိစေရ။

## အခန်း (၁၂)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၉။ မည်သူမဆို ပုဒ်မ ၁၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ့ငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၀။ မည်သည့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူမဆို ပုဒ်မ ၂၃၊ ပုဒ်မ ၂၄ သို့မဟုတ် ပုဒ်မ ၂၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ့ငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၁။ မည်သူမဆို ပုဒ်မ ၁၅၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇၊ ပုဒ်မ ၃၁ သို့မဟုတ် ပုဒ်မ ၃၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၂။ မည်သူမဆို ပုဒ်မ ၁၈၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၅ သို့မဟုတ် ပုဒ်မ ၂၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၃။ မည်သူမဆို စုံစမ်းစစ်ဆေးရေးကော်မတီက ဤဥပဒေအရ စုံစမ်းစစ်ဆေးမှုပြုရန် သက်သေခံအထောက်အထား၊ စာရွက်စာတမ်း သို့မဟုတ် ငွေရေးကြေးရေး အထောက်အထားတစ်ခုခုကို တောင်းယူရာတွင်ဖြစ်စေ၊ သက်သေအဖြစ် ခေါ်ယူမေးမြန်းရာတွင်ဖြစ်စေ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၄၄။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေအရသာ ဆောင်ရွက်ရမည်။

## အခန်း (၁၃)
## အထွေထွေ

၄၅။ ကော်မရှင်သည် အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

၄၆။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကော်မရှင်အဖွဲ့ဝင် သို့မဟုတ် စုံစမ်းစစ်ဆေးရေးကော်မတီအဖွဲ့ဝင် တစ်ဦးဦးသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်စဉ်တွင် ယင်းတို့အား ရာဇသတ်ကြီးပုဒ်မ ၂၁ တွင် ဖော်ပြထားသည့် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၇။ ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်ကို တရားစွဲဆိုရာတွင် ကော်မရှင်၏ ကြိုတင်ခွင့်ပြုမိန့်ရယူရမည်။

၄၈။ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) ပါ သတ်မှတ်ထားသော ဒဏ်ကြေးငွေကို ကောက်ခံနိုင်ရန် ဝန်ကြီးဌာနသည် သင့်လျော်သော အရာရှိတစ်ဦးဦးကို ကော်လိတ္တော်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်။

၄၉။ ဤဥပဒေအရ တရားစွဲဆိုခြင်းခံရသူသည် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းဖြစ်လျှင် ယင်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ရာတွင် တာဝန်ရှိသူတစ်ဦးဦးသည် အဆိုပါပြစ်မှုကို ၎င်းမသိရှိဘဲ ကျူးလွန်ကြောင်း သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းကို တားဆီးရန် ထိုက်သင့်သော လုံ့လဝီရိယစိုက်ထုတ်၍ ဆောင်ရွက်ခဲ့ကြောင်း သက်သေပြနိုင်ခြင်းမရှိပါက အဆိုပါစီးပွားရေးလုပ်ငန်း အဖွဲ့အစည်းနှင့်အတူ ပူးတွဲစွဲဆိုခြင်းခံရမည်ဖြစ်ပြီး ယင်းစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းကို ပြစ်ဒဏ်ချမှတ်လျှင် အဆိုပါတာဝန်ရှိသူသည် ယင်းပြစ်မှုအတွက် ပူးတွဲ၍ အပြစ်ရှိသည်ဟု မှတ်ယူခြင်းခံရမည်။

၅၀။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၁။ ဤဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ တစ်ဦးဦးကို နစ်နာသူက မိမိ၏ နစ်နာမှုအတွက် တရားမကြောင်းအရလည်း တရားစွဲဆိုနိုင်သည်။

၅၂။ ဤဥပဒေပါ ပုဒ်မ ၁၃ ကို ချိုးဖောက်ရာတွင် မိမိကိုယ်တိုင် ပါဝင်ခဲ့ကြောင်း ထုတ်ဖော်သတင်းပေးသူအား ကော်မရှင်သည် ဤဥပဒေအရ ချမှတ်သည့် ပြစ်ဒဏ်များမှ ကင်းလွတ်သက်သာခွင့်ကို သက်ညှာမှုအဖြစ် ခံစားခွင့်ပြုနိုင်ရန် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ တရားရုံး၊ ဥပဒေရုံးတို့နှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၅၃။ သက်ဆိုင်ရာတရားရုံးသည် သက်ညှာမှုပြုရာတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးဦးလာရောက် ပူးပေါင်းဆောင်ရွက်သည့်အချိန်နှင့် ပူးပေါင်းပါဝင်မှု အနေအထားအပေါ် မူတည်၍ ကွဲပြားခြားနားသော သက်ညှာမှုပြုနိုင်သည်။

၅၄။ ဝန်ကြီးဌာနသည် ကော်မရှင်၊ ကော်မတီများနှင့် လုပ်ငန်းအဖွဲ့များ၏ -

(က) ရုံးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရမည်။

(ခ) ကုန်ကျစရိတ်များကို ကျခံရမည်။

၅၅။ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေအထောက်အထား ခိုင်လုံသည့်ကိစ္စတစ်ရပ်ရပ်အတွက် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကိုသော်လည်းကောင်း၊ စုံစမ်းစစ်ဆေးရေးကော်မတီဝင်တစ်ဦးဦးကိုသော်လည်းကောင်း၊ လုပ်ငန်းအဖွဲ့ဝင်တစ်ဦးဦးကိုသော်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း တစ်ဦးဦးကိုသော်လည်းကောင်း ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရ ဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်အရဖြစ်စေ အရေးယူဆောင်ရွက်ခြင်း မရှိစေရ။

၅၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကော်မရှင်သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ ကော်မတီသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်

## ကြေညာချက်အမှတ် (၁/၂၀၁၅)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် )

### အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် ကြားနာမည့် အစီအစဉ်ကို ထုတ်ပြန်ကြေညာခြင်း

၁။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးရန် ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာရာ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် လက်ခံရရှိခဲ့ပါသည်။

၂။ လေးပွင့်ဆိုင်သဘောတူညီချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့လာသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်တွင် အတည်ပြုနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီအနေဖြင့် ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လိုအပ်မည့်ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ဖိတ်ခေါ်ကြားနာသွားမည် ဖြစ်ပါသည်။

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြားနာမှုများကို သတ်မှတ်နေ့ရက်များတွင် နံနက် (၁၀း၀၀) နာရီအချိန်မှ စတင်၍ အမျိုးသားလွှတ်တော်ဆွေးနွေးပွဲခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည် -

(က) ဒီမိုကရေစီ ပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီဝင် (၂၀) ဦး (၅-၃-၂၀၁၅) ရက်နေ့

| | | |
|---|---|---|
| ( ခ ) | တက်ရောက်ဆွေးနွေးလိုသော နိုင်ငံရေးပါတီ (၂၀) မှဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးနိုင်သည့် ကိုယ်စားလှယ် (၂၀) ဦး | (၆-၃-၂၀၁၅) ရက်နေ့ |
| ( ဂ ) | အမျိုးသားပညာရေးပြုပြင်ပြောင်းလဲမှုကွန်ရက် (NNER) မှ ကိုယ်စားလှယ် (၂၀) ဦး | (၇-၃-၂၀၁၅) ရက်နေ့ |
| (ဃ) | တက်ရောက်ဆွေးနွေးလိုသော နိုင်ငံရေးပါတီ(၂၀)မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် မူဝါဒပိုင်းဆိုင်ရာဆွေးနွေးနိုင်သည့် ကိုယ်စားလှယ် (၂၀) ဦး | (၈-၃-၂၀၁၅) ရက်နေ့ |
| ( င ) | ဒီမိုကရေစီပညာရေးစစ်ကြောင်းများကို အားပေးထောက်ခံကူညီခဲ့သည့် ပြည်သူကိုယ်စားလှယ် (၂၀) ဦး | (၁၁-၃-၂၀၁၅) ရက်နေ့ |
| ( စ ) | တက်ရောက်ဆွေးနွေးလိုသော နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် မူဝါဒပိုင်းဆိုင်ရာဆွေးနွေးနိုင်သည့် ကိုယ်စားလှယ်များ | (၁၃-၃-၂၀၁၅) ရက်နေ့ |
| (ဆ) | မှတ်ပုံတင်ထားသော အရပ်ဘက်အဖွဲ့အစည်းများမှ အကြံပြုဆွေးနွေးလိုသူ ကိုယ်စားလှယ် (၂၀) ဦး | (၁၄-၃-၂၀၁၅) ရက်နေ့ |
| ( ဇ ) | အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အပေါ် အကြံပြုစာပေးပို့လာသူများအနက်မှ ကိုယ်စားလှယ် (၂၀) ဦး | (၁၅-၃-၂၀၁၅) ရက်နေ့ |

၄။ အစည်းအဝေးသို့ တက်ရောက်မည့် ကိုယ်စားလှယ်များအတွက် နေပြည်တော်တွင် ကြိုဆို ပို့ဆောင်ရေး၊ တည်းခိုနေထိုင်ရေးနှင့် စားသောက်ရေးအစီအစဉ်များအတွက် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ယူစီစဉ် ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ တက်ရောက်မည့်ပုဂ္ဂိုလ်များသည် အမျိုးသားလွှတ်တော်ရုံး၊ ဖုန်းအမှတ် ၀၆၇-၅၉၁၃၉၀၊ ၀၆၇-၅၉၁၂၃၀၊ ၀၉-၈၃၀၄၈၈၀၊ ၀၉-၄၇၀၆၀၈၃၃ များသို့ အမြန်ဆုံး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

၅။ အထက်အပိုဒ် ၃၊ အပိုဒ်ခွဲ (က) နှင့် (ဂ) ပါ ပုဂ္ဂိုလ်များမှအပ ကျန်ပါတီနှင့် ပုဂ္ဂိုလ်များသည် အရေအတွက်များနိုင်သည့်အတွက် တက်ရောက်ရမည့်နေ့ကို (၃) ရက်ကြိုတင်၍ အကြောင်းကြားမည် ဖြစ်ပါကြောင်းနှင့် လိုအပ်ပါက ဆက်လက်ကြားနာမည့် အစီအစဉ်နှင့် အချိန်ဇယားကို ထပ်မံအသိပေး ကြေညာသွားမည် ဖြစ်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**၂၀၁၄ ခုနှစ်၊ တင်သွင်းလွှာအမှတ် - ၅**

ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်ဝင်း၊ ဦးသန်းကျော်၊ ဒေါ်လှမျိုးနွယ်၊ ဦးမြသိန်း၊ ဒေါက်တာဒေါ်သီတာဦး၊ ဦးတင်မြင့်၊ ဒေါ်ကျင်စန်း၊ ဦးမျိုးချစ်တို့ရှေ့တွင် -

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်

| | |
|---|---|
| တင်သွင်းသူ | အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွှန့် ပါ (၂၆) ဦး |
| အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွှန့် ပါ (၂၆) ဦးအတွက် } | ဦးခင်မောင်သန်း တရားလွှတ်တော်ရှေ့နေ |
| ရုံးတော်သဟာယ | ပြည်ထောင်စုရှေ့နေချုပ်ကိုယ်စား ဦးကျော်ဆန်း ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုရှေ့နေချုပ်ရုံး |

**ကနဦး ဆုံးဖြတ်ရမည့် အချက်အပေါ် ချမှတ်သည့် အမိန့်**

အမှုအကြောင်းအရာမှာ "အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများတွင် (PR) စနစ်ကျင့်သုံးခြင်း၊ ဥပဒေပြင်ဆင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ဆောင်ရွက်စေခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကိုချန်လှပ်၍ ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်တို့တွင် တစ်ပြေးညီကျင့်သုံးရန်လျာထားခြင်းနှင့် တင်ပြထားသော ရွေးကောက်ပွဲပုံစံနှစ်မျိုး သတ်မှတ်ပေးခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ အဆုံးအဖြတ်ပေးပါရန်" အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွှန့်ပါ (၂၆) ဦးက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်သွင်းလာခြင်းဖြစ်သည်။

တင်သွင်းလွှာပါ အဓိကအကြောင်းအရာဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ၊ မညီဆိုသည့်အချက်ကို အဆုံးအဖြတ်မပြုမီ တင်သွင်းလွှာပါကိစ္စသည် ဤခုံရုံးက အဆုံးအဖြတ်ပြုပေးရမည့် လုပ်ငန်းတာဝန်အတွင်း ကျရောက်မှု ရှိ၊ မရှိကို ကနဦးဆုံးဖြတ်ရန် လိုအပ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် အောက်ဖော်ပြပါ ကနဦးဆုံးဖြတ်ရမည့်အချက်ကို ထုတ်နုတ်၍ လျှောက်လဲချက်ကို ကြားနာခဲ့သည် -

"အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများတွင် (PR) စနစ်ကျင့်သုံးရန် ဆုံးဖြတ်ခြင်း၊ဥပဒေပြင်ဆင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ဆောင်ရွက်စေခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို ချန်လှပ်၍ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တစ်ပြေးညီ ကျင့်သုံးရန် လျာထားခြင်းနှင့် တင်ပြထားသော ရွေးကောက်ပွဲပုံစံနှစ်မျိုး သတ်မှတ်ပေးခြင်းတို့သည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ကိုက်ညီမှု ရှိ၊ မရှိ အဆုံးအဖြတ်ပေးပါရန် တင်ပြလာသည့် အချက်မှာ ခုံရုံးက ဆုံးဖြတ်ရမည့် အချက်များတွင် အကျုံးဝင်ခြင်းရှိ၊ မရှိ"

တင်သွင်းလွှာကိစ္စအတွက် သဘောထားပြန်ကြားလိုက ပြန်ကြားရန် နိုင်ငံတော်သမ္မတ၊ နာယက ပြည်ထောင်စုလွှတ်တော်၊ ဥက္ကဋ္ဌ အမျိုးသားလွှတ်တော်နှင့် ဥက္ကဋ္ဌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ထံအကြောင်းကြားခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယင်း၏ သဘောထားကို တင်ပြခဲ့သည်။

ကနဦးဆုံးဖြတ်ရမည့် အချက်အတွက် ရုံးတော်သဟာယ ပြည်ထောင်စုရှေ့နေချုပ်နှင့် တင်သွင်းသူတို့ကသာ လျှောက်လဲချက် တင်သွင်းခဲ့ကြသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်ပါ (၂၆) ဦး၏ ရှေ့နေကြီးက အဓိကတင်ပြသောအချက်များမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၅ ပါ ပုဂ္ဂိုလ်များ၊ ပုဒ်မ ၃၂၆ ပါ ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ဆုံးဖြတ်ချက်နှင့် သဘောထားများ ရရှိရန် ခုံရုံးသို့ တင်သွင်းခွင့်ရှိကြောင်း၊ ထို့အတူ ခုံရုံးကလည်း အဆုံးအဖြတ်ပေးခွင့်ရှိကြောင်း၊ အလားတူ ပြဋ္ဌာန်းချက်များကို ခုံရုံးဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄ နှင့် ပုဒ်မ ၁၅ တို့တွင်လည်း ဖော်ပြထားကြောင်း၊ ယခု တင်သွင်းလွှာမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၆) ဦးက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၆ (ဃ)၊ ခုံရုံးဥပဒေ ပုဒ်မ ၁၄ (ဃ)၊ ခုံရုံးနည်းဥပဒေ ပုဒ်မ ၅(က) တို့နှင့်အညီ တင်သွင်းထားခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၆ တွင် ခုံရုံး၏လုပ်ငန်းတာဝန်များကို ဖော်ပြရာ၌ အတိအလင်း ဖော်ပြထားသော လုပ်ငန်းတာဝန်များအပြင် "ဤဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းသည့် အခြားတာဝန်များဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတစ်ရုံးကို ဖွဲ့စည်းရမည်" ဟု ပြဋ္ဌာန်းထားကြောင်းတို့ကို တင်ပြသည်။

ထို့နောက် ဆက်လက်လျှောက်လဲရာတွင် ဤခုံရုံးသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ၁၃-၁၁-၂၀၁၄ ရက်စွဲပါ စာအမှတ် ၀၁/ ပသ/ (စ၀) ၃/၂၀၁၄-၂၀၀ စာဖြင့်အချိုးကျကိုယ်စားပြု (PR) စနစ်ကိစ္စကို မေးမြန်းစဉ်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌမှ ၁၃-၁၁-၂၀၁၄ ရက်စွဲပါ စာအမှတ် ၂၄၀/၄-၅/ ရုံးအဖွဲ့ ခုံရုံး - ၂၀၁၄ ဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ဖြေကြားခဲ့ပါကြောင်း၊ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ပေးပို့သောစာသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၅ (ဂ)၊ ခုံရုံးဥပဒေ ပုဒ်မ ၁၃ (ဂ) နှင့် ခုံရုံးနည်းဥပဒေ ပုဒ်မ ၄(ဂ)တို့နှင့်အညီ တင်သွင်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုစဉ်အခါက "ရွေးကောက်ပွဲပုံစံ (၂) မှ (၈) အထိသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတင်မြှောက်ပုံစနစ်နှင့်စပ်လျဉ်း၍ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှုမရှိဟု စိစစ်တွေ့ရှိရသည်" ဟု အကြောင်းပြန်ခဲ့ပါကြောင်း၊ အထက်ပါကဲ့သို့ ခုံရုံးက ဆုံးဖြတ်ပေးခဲ့ခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၄ အရလည်းကောင်း၊ ခုံရုံးဥပဒေပုဒ်မ ၂၄ အရလည်းကောင်း အပြီးအပြတ်အတည်ဖြစ်ပါကြောင်း တင်ပြသည်။

ဆက်လက်လျှောက်လဲရာတွင် ခုံရုံးအနေဖြင့် ပြည်သူ့လွှတ်တော်အတွက်သာ (PR) စနစ်အပါအဝင် ရွေးကောက်ပွဲစနစ် ပုံစံ (၇) မျိုးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ၊ မရှိ ဆုံးဖြတ်ပိုင်ခွင့်ရှိ၍ ဆုံးဖြတ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ အမျိုးသားလွှတ်တော်အတွက် (PR) စနစ်ကျင့်သုံးမှုဆိုင်ရာများနှင့် တင်ပြလာခြင်းများအပေါ် ဆုံးဖြတ်ပိုင်ခွင့်မရှိပါဟု လွှတ်တော်နှစ်ရပ်ကို သီးခြားစီခွဲ၍ စဉ်းစားဆုံးဖြတ်၍လည်း ရနိုင်မည်မဟုတ်ပါကြောင်း၊ "ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၄ (က) တွင် ပြည်ထောင်စုနယ်မြေ သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ထားသော ပြည်ထောင်စုနယ်မြေများအတွင်း မှီတင်းနေထိုင်ကြသော မဲဆန္ဒရှင်များသည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုသာ ရွေးကောက်တင်မြှောက်ခွင့်ရှိသည်" ဟု ပြဋ္ဌာန်းထားပါကြောင်း၊ လွှတ်တော်နှစ်ရပ်ရွေးကောက်မှုပြုရာတွင် ပြည်သူများအနေဖြင့် မဲဆန္ဒပေးပိုင်ခွင့်၌ တူညီမှုရှိပုံကို တွေ့ရပါကြောင်း၊ ပြည်သူ့လွှတ်တော်၏ တင်ပြချက်အပေါ် ဆုံးဖြတ်ပြီးဖြစ်ခဲ့လျှင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၀%) ဖြစ်သည့် တင်သွင်းသူ (၂၆) ဦးတို့၏ တင်ပြချက်အပေါ်တွင်လည်း ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟူ၍ ထင်ရှားမြင်သာနေပါကြောင်း လျှောက်လဲသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၃၇-ကတွင် “ခုံရုံးသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် တရားမကျင့်ထုံးဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေပါ ပြဋ္ဌာန်းချက်များမှ စပ်ဆိုင်သည့်ပြဋ္ဌာန်းချက်များကို ဆီလျော်သလို ကျင့်သုံးဆောင်ရွက်နိုင်သည်” ဟုပြဋ္ဌာန်းထားကြောင်း၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉ တွင် “တရားရုံးများသည် အတိအလင်းဖြစ်စေ၊ သဘောသက်ရောက်ခြင်းဖြင့်ဖြစ်စေ၊ ပိတ်ပင်ထားခြင်းမရှိသော တရားမကြောင်းဆိုင်ရာ အမှုများကို (ဤဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအား ထောက်ထား၍) စစ်ဆေးစီရင်ပိုင်ခွင့်အာဏာရှိသည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ရှင်းလင်းချက်၌ “ပစ္စည်းသို့မဟုတ် ရာထူးတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် ရပိုင်ခွင့်အတွက် အမှုစွဲဆိုထားရာတွင် ထိုပိုင်ခွင့်မှာ ဘာသာရေးဆိုင်ရာထုံးစံ သို့မဟုတ် အခမ်းအနားများနှင့် စပ်လျဉ်းသည့် ပြဿနာများ၏ အဆုံးအဖြတ်အပေါ်တွင် လုံးဝတည်စေကာမူ ယင်းအမှုသည် တရားမကြောင်းဆိုင်ရာအမှု ဖြစ်သည်” ဟုပြဋ္ဌာန်းထားကြောင်း၊ အထက်ပါ ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်အရ ပဏ္ဏာမကြားနာဆုံးဖြတ်ပေးရမည့် အချက်ကို လက်ခံစဉ်းစားဆုံးဖြတ်ပေးပိုင်ခွင့်ရှိပါကြောင်း၊ ယခု ပဏ္ဏာမကြားနာဆုံးဖြတ်ပေးရမည့် အချက်များနှင့်ပတ်သက်၍ ခုံရုံးမှ (တရားမရုံးမှ) ကြားနာဆုံးဖြတ်ပေးပိုင်ခွင့်မရှိကြောင်းကို အတိအလင်း ပိတ်ပင်ထားသည့် ဥပဒေတစ်စုံတစ်ရာမျှမရှိသည့်အတွက် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၉ အရ ယခုကြားနာ ဆုံးဖြတ်ရမည့် အချက်များကို ခုံရုံးမှ လက်ခံဆုံးဖြတ်ပိုင်ခွင့်ရှိပါကြောင်း၊ အထက်ဖော်ပြပါ ပဏ္ဏာမကြားနာဆုံးဖြတ်ရန် အချက်များကို ခုံရုံးမှ ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်းနှင့် ပတ်သက်၍ ခုံရုံးမှဆုံးဖြတ်ပေးခဲ့ပြီးဖြစ်သည့် ယာယီသက်သေခံ ကတ်ပြား (ဗိုက်ကတ်) နှင့်ပတ်သက်သော ဆုံးဖြတ်ချက်ကို ကိုးကား၍တင်ပြ လိုပါကြောင်း၊ ၁၀-၂-၂၀၁၅ ရက်စွဲဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ ပုဒ်မ ၁၁ (က) တွင် ယာယီသက်သေခံကတ်ပြား (ဗိုက်ကတ်) ကိုင်ဆောင်သူများကိုလည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါကြောင်း၊ အဆိုပါ ဗိုက်ကတ် (ယာယီသက်သေခံကတ်ပြား) ကိုင်ဆောင်သူများကို ဆန္ဒခံယူပွဲတွင် မဲပေးခွင့်ပြုရန် ပြဋ္ဌာန်းထားချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၊ ပုဒ်မ ၃၈ (က)နှင့် ပုဒ်မ ၃၉၁ တို့ကိုကိုးကား၍ ၁၆-၂-၂၀၁၅ ရက်နေ့က ဖြေကြားဆုံးဖြတ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါ ယာယီသက်သေခံကတ်ပြား (ဗိုက်ကတ်) ကိုင်ဆောင်သူများကို ဆန္ဒခံယူပွဲတွင် မဲပေးခွင့်ပြုရန် ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု မရှိကြောင်း၊ ခုံရုံးက ဆုံးဖြတ်ပိုင်ခွင့်ရှိ၍ ဆုံးဖြတ်ခဲ့ပြီးသောအချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၄ နှင့် ခုံရုံးဥပဒေ ပုဒ်မ ၂၄ အရ အပြီးအပြတ်အတည်ဖြစ်ကြောင်း၊ ဖော်ပြပါအချက်အလက်များ၊ ဥပဒေပြဋ္ဌာန်းချက်များအရ ပဏ္ဏာမကြားနာဆုံးဖြတ်ရမည့်အချက်များအပေါ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ဆုံးဖြတ်ရမည့်အချက်များတွင် အကျုံးဝင်သက်ဆိုင်မှုရှိပါကြောင်း လျှောက်လဲသည်။

ရုံးတော်သဟာယ ပြည်ထောင်စုရှေ့နေချုပ်၏လွှဲအပ်တာဝန်ပေးချက်အရ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်က လျှောက်လဲရာတွင် တင်သွင်းသူများ၏အကြောင်းပြချက် (၉) ချက်တွင် အမျိုးသားလွှတ်တော်မှ အတည်ပြုဆုံးဖြတ်ပြီးသော အချိုးကျကိုယ်စားပြုစနစ် (PR) စနစ်အသုံးပြုရန်နှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂ (ခ)၊ ပုဒ်မ ၂၁ (က)၊ ပုဒ်မ ၃၈ (က) (ခ)၊ ပုဒ်မ ၄၈၊ ပုဒ်မ ၇၄ (ခ)၊ ပုဒ်မ ၁၀၉၊ ပုဒ်မ ၁၄၁၊ ပုဒ်မ ၃၄၇၊ ပုဒ်မ ၃၆၉ (ခ)၊ ပုဒ်မ ၃၉၃ (ခ)၊ ပုဒ်မ ၃၉၄၊ ပုဒ်မ ၃၉၅၊ ပုဒ်မ ၃၉၆ (ခ) ပါ ပြဋ္ဌာန်းချက်များကို ရည်ညွှန်းပြီး အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများတွင် (PR) စနစ်ကျင့်သုံးခြင်း၊ ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်စေခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို ချန်လှပ်၍ ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်တို့တွင်

တစ်ပြေးညီကျင့်သုံးရန် လျာထားခြင်းနှင့် ရွေးကောက်ပွဲပုံစံနှစ်မျိုးတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုရှိသည်၊ မရှိသည်ကို အဆုံးအဖြတ်ပြုပေးနိုင်ရန် လျှောက်ထားခြင်းဖြစ်သည်ဟု တွေ့ရှိရပါကြောင်း၊ အမျိုးသားလွှတ်တော်က အတည်ပြုဆုံးဖြတ်၍ ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များဖြစ်သဖြင့် လွှတ်တော်၏ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက အဆုံးအဖြတ်ပေးရန် လျှောက်ထားခြင်းဖြစ်သည်ဟု ဆိုရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၁၂ တို့အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းထားကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှု ရှိ၊ မရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးက အဆုံးအဖြတ်ပြုပေးပါရန် ဦးအောင်ကြည်ညွန့်ပါ (၂၆) ဦးတို့၏ တင်သွင်းလွှာပါအချက်များသည် အမျိုးသားလွှတ်တော်က ဆုံးဖြတ်ဆောင်ရွက်ခဲ့သော အကြောင်းအရာကိစ္စများ ဖြစ်ပါကြောင်း၊ အမျိုးသား လွှတ်တော်၏ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ အဆုံးအဖြတ်ပြုပေးရန်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များတွင် အကျုံးဝင်ခြင်းမရှိဟု သုံးသပ်ရရှိပါကြောင်း၊ တင်သွင်းသူများအနေဖြင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ များတွင် (PR) စနစ် ကျင့်သုံးခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ၊ မရှိနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုပေးရန်သာ လျှောက်ထားနိုင်ခွင့် ရှိသည်ဟု သုံးသပ်ရရှိပါကြောင်း၊ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ များတွင် (PR) စနစ် ကျင့်သုံးရန်ဆုံးဖြတ်ခြင်း၊ ဥပဒေပြင်ဆင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အား ဆောင်ရွက်စေခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို ချန်လှပ်၍ ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်တို့တွင် တစ်ပြေးညီကျင့်သုံးရန် လျာထားခြင်းနှင့် တင်ပြထားသော ရွေးကောက်ပွဲ ပုံစံနှစ်မျိုး သတ်မှတ်ပေးခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိ အဆုံးအဖြတ်ပြုပေးပါရန် တင်ပြလာသည့်အချက်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဆုံးဖြတ်ရမည့်အချက်များတွင် အကျုံးဝင်ခြင်းမရှိပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်၏ သဘောထားကို တင်ပြအပ်ပါကြောင်း လျှောက်လဲသွားသည်။

ဤခုံရုံးက ယခုအဆုံးအဖြတ်ပြုရမည့် ကနဦးအချက်မှာ “အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ များတွင် (PR) စနစ် ကျင့်သုံးရန်ဆုံးဖြတ်ခြင်း၊ ဥပဒေပြင်ဆင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အား ဆောင်ရွက်စေခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို ချန်လှပ်၍ ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်တို့တွင် တစ်ပြေးညီကျင့်သုံးရန် လျာထားခြင်းနှင့် တင်ပြ ထားသော ရွေးကောက်ပွဲပုံစံနှစ်မျိုး သတ်မှတ်ပေးခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ အဆုံးအဖြတ်ပေးရန် တင်ပြလာသည့်အချက်မှာ ခုံရုံးက အဆုံးအဖြတ်ပေးရမည့်အချက်တွင် အကျုံးဝင်ခြင်း ရှိ၊ မရှိ” ဖြစ်သည်။ တင်သွင်းလွှာပါ အချက်များနှင့် လျှောက်လဲချက်ပါအချက်များကို စိစစ်ကြည့်ရာတွင် အမျိုးသားလွှတ်တော်သည် ယင်းအတွက် လွှတ်တော်ကိုယ်စားလှယ်များရွေးကောက်ရာ၌ အချိုးကျကိုယ်စားပြု (PR) စနစ်ကျင့်သုံးနိုင်ရန် လွှတ်တော်၏သဘောတူချက်ရယူခြင်း၊ ရွေးကောက်ပွဲတွင် အသုံးပြုမည့် အချိုးကျကိုယ်စားပြု (PR) ပုံစံရွေးချယ်ခြင်း၊ ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်နေခြင်း တို့ကို လွှတ်တော်လုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်နေဆဲအဆင့်ဖြစ်ကြောင်း တွေ့ရှိရသည်။ တင်သွင်းလွှာ တင်သွင်းသူတို့က အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ညီ၊ မညီ အဆုံးအဖြတ်ပြုပေးရန် တင်သွင်းလာခြင်း ဖြစ်သည်။

ဤခုံရုံး၏ လုပ်ငန်းတာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ တွင်ပြဋ္ဌာန်းထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၂ တွင်လည်း အောက်ဖော်ပြပါအတိုင်း ပြဋ္ဌာန်းထားသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းသည့် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ၊ မရှိစိစစ်ခြင်း၊

(ဂ) ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ၊ မရှိ စိစစ်ခြင်း၊

(ဃ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြားသော်လည်းကောင်း၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြားသော်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြားသော်လည်းကောင်း၊ တိုင်းဒေသကြီးအချင်းချင်းသော်လည်းကောင်း၊ ပြည်နယ်အချင်းချင်းသော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအကြားသော်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအချင်းချင်းသော်လည်းကောင်း ဖြစ်ပေါ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(င) တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့က ပြည်ထောင်စုဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး၊ ပြည်နယ်သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတို့၏ အခွင့်အရေးနှင့် တာဝန်များဆိုင်ရာ ပေါ်ပေါက်သည့် အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(စ) ပြည်ထောင်စုနယ်မြေများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အကြောင်းကြားလာသည့်ကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်း၊

(ဆ) တရားရုံးတစ်ရုံးက စစ်ဆေးဆဲအမှုနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၃ နှင့် ဤဥပဒေ ပုဒ်မ ၁၇ တို့အရ တင်ပြလာသည့် အငြင်းပွားမှုကို အဆုံးအဖြတ်ပေးခြင်း၊

(ဇ) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများကပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဈ) မိမိတို့၏ လုပ်ငန်းတာဝန်များဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ မိမိတို့အား ရွေးချယ်သည့် သက်ဆိုင်ရာနိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ အသီးသီး အစီရင်ခံခြင်း။

ဥပဒေပြုခွင့်ရ လွှတ်တော်များက ပြဋ္ဌာန်းသောဥပဒေများ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ၊ မညီ စိစစ်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ (ခ) နှင့် ခုံရုံးဥပဒေ ပုဒ်မ ၁၂ (ခ) တို့တွင် "ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီး

အဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းသည့်ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ခြင်း” ဟု ဖော်ပြထားသည်။

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်အရဆိုပါက ဥပဒေပြုရန် အခွင့်အာဏာရလွှတ်တော်က ပြဋ္ဌာန်းပြီးသော ဥပဒေများကိုသာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ၊ မညီ ဤခုံရုံးက စိစစ်ခွင့်ရှိမည်ဖြစ်သည်။ ပြဋ္ဌာန်းပြီးသော ဥပဒေအဆင့်မရောက်မီ ဥပဒေပြဋ္ဌာန်းရန်အတွက် လွှတ်တော်လုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်နေသည့် အဆင့်တွင် တင်သွင်းလွှာပါကိစ္စအပေါ် ဤခုံရုံးက စိစစ်ခွင့်၊ စွက်ဖက်ခွင့်ရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ ထိုအချက်မှာ ဖော်ပြပါ ပြဋ္ဌာန်းချက်များအရ ရှင်းလင်းမြင်သာသည်။

လွှတ်တော်ကိုယ်စားလှယ်များအတွက် ရွေးကောက်တင်မြှောက်ပုံစနစ်ကို လွှတ်တော်အဆင့်အလိုက် သီးခြားဥပဒေများပြဋ္ဌာန်းပြီး ဆောင်ရွက်လျက်ရှိသည်။ ယခု တင်သွင်းလွှာပါ အချိုးကျကိုယ်စားပြု (PR) စနစ်ကို ကျင့်သုံးရန်အတွက် ဥပဒေပြဋ္ဌာန်းရန် အမျိုးသားလွှတ်တော်က စီစဉ်ခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ရရှိသည်။

